# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 20 August 2021 ၁၀၄၇၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘောဒီးယားနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက အထောက်အကူပြု ဆေးပစ္စည်းများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

အခမ်းအနား၌ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Professor Mam Bunheng က မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ Samdech Akka Moha Sena Padei Techo Hun Sen ၏ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နှုတ်ခွန်းဆက်အမှာစကားကို တစ်ဆင့်ပြောကြားလိုပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူအားလုံးကိုလည်း ကိုဗစ်-၁၉ ကပ်ရောဂါမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❋




ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Professor Mam Bunheng က ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အထောက်အကူပြုဆေးပစ္စည်းများ လွှဲပြောင်းပေးအပ်စဉ်။

## မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ


## ကြေးမုံ ယနေ့ ဖတ်စရာ

ခွင့်သာခိုက်မှ မလိုက်ချင်လျှင် ... စာမျက်နှာ » ၆

ကိုဗစ်-၁၉ ရောဂါဖြစ်တယ်လို့ သံသယရှိရင် အွန်လိုင်းပေါ်မှာတွေ့တဲ့ ဆေးမြီးတိုတွေနဲ့ ကုသမှုလုံးဝမပြုလုပ်သင့်တာ ဖြစ်ပါတယ်။ နီးစပ်ရာ ကျန်းမာရေးဌာနကို ဆက်သွယ်ပြီး စနစ်တကျ ကုသမှုခံယူတာ အကောင်းဆုံးဖြစ်ပါတယ် စာမျက်နှာ » ၁၆

ကျိုင်းတုံမြို့နယ်၌ နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ စာမျက်နှာ » ၇

တိုးထုတ်၊ လျှော့စား အကျိုးစီးပွားများပြား စာမျက်နှာ » ၉

ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ကောင်းအောင်ပြု စာမျက်နှာ » ၁၉

ကြေးမုံ

# ပြည်သူ့အကျိုးပြုအခွန်ငွေကြေး စိတ်ချစွာအသုံးပြု

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက လစဉ်ရောင်းချပေးလျက်ရှိသည့် အကြိမ် (၃၀) မြောက် အောင်ဘာလေထီမှစ၍ ထီလက်မှတ်ရောင်းရငွေ၏ ရာခိုင်နှုန်း ၇၀ ကို ဆုကြေးအဖြစ် တိုးမြှင့်ပေးမည်ဖြစ်ပြီး ထီဆုငွေအားလုံးကို အကန့်အသတ်မထားဘဲ အပြည့်အဝထုတ်ယူခွင့်ပြုကြောင်း ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်တွင်းအခွန်များဦးစီးဌာနက အသိပေးကြေညာခဲ့သည်ကို ကြားသိရသည်။

အောင်ဘာလေထီဆုငွေ ထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ လက်ရှိကာလတွင် ဆုငွေထုတ်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်များရှိနေသော်လည်း ထီကံစမ်းသူများအနေဖြင့် ထီဆုငွေများကို အဆင်ပြေစွာထုတ်ယူနိုင်ရေးအတွက် ထီဆုငွေ ကျပ်သိန်း ငါးရာအထိကို တစ်လုံးတစ်ခဲတည်းထုတ်ပေးလျက်ရှိပြီး ကျန်ဆုငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးလျက်ရှိသည်။ ယခုအခါ အောင်ဘာလေထီကံစမ်းသူ မိဘပြည်သူများအတွက် ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးနိုင်ရန်နှင့် ထီဆုငွေများကို ပိုမိုအဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေရေးအတွက် ယခုစက်တင်ဘာလ ၁ ရက်နေ့ အကြိမ် (၃၀) မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှစ၍ ထီဆုငွေရာခိုင်နှုန်းတိုးမြှင့်ပေးခြင်းနှင့် ထီဆုငွေများအားလုံးကို ငွေထုတ်ကန့်သတ်ချက်မထားဘဲ အပြည့်အဝထုတ်ယူခွင့်ပြုသွားမည်ဖြစ်သည်။

အောင်ဘာလေသိန်းထီဆုမဲများကို ခွဲဝေချီးမြှင့်ရာတွင် ယခင်က အောင်ဘာလေသိန်းထီ အကြိမ်စဉ်အလိုက် ထီလက်မှတ်ရောင်းရငွေ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ဆုမဲအဖြစ် ခွဲဝေသတ်မှတ်ပေးခဲ့ပြီး ကျန် ၄၀ ရာခိုင်နှုန်းကို အောင်ဘာလေသိန်းဆုခွန်အဖြစ် နိုင်ငံတော်၏ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရန်အတွက် အသုံးပြုလျက်ရှိသည်။ ထို့ကြောင့် အောင်ဘာလေထီကံစမ်းခြင်းသည် ပေါက်လျှင်ယူ၊ မပေါက်လျှင် အများအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် မွန်မြတ်သောကံစမ်းခြင်း သို့မဟုတ် ကောင်းကျိုးဆောင်ကြဉ်းခြင်းဖြစ်ပေသည်။ ယခင်က အောင်ဘာလေထီကံထူးသူတို့သည် လစဉ် တစ်နယ်တစ်ယောက် အထူးသဖြင့် အခြေခံပြည်သူများထဲမှ သန်းကြွယ်သူဌေး တစ်ယောက်စီ ပေါ်ပေါက်လာသည်ကို မုဒိတာပွားဖွယ် မြင်တွေ့ရသည်။

ယခုအခါတွင် မြန်မာနိုင်ငံအတွင်း ပြောင်းလဲဖြစ်ပေါ်လာသော နိုင်ငံရေးကို အကြောင်းပြု၍ အဖျက်အမှောင့်လုပ်ဆောင်သူများ၏ လှုံ့ဆော်မှုဖြင့် ပြည်သူ့အကျိုးပြုအခွန်အခများမပေးဆောင်ရေးကို သွေးထိုးပေးခဲ့ရာ အသိအမြင်လွဲမှားသော ပြည်သူများက ထိုအရေးများတွင် ပါဝင်လာကြသည်ကို တွေ့ရသည်။ ပြည်သူများ အဆင်ပြေစွာရပ်တည်နေထိုင်ရေးအတွက် ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ဓာတ်အားခပေးဆောင်ရေး၊ နေထိုင်အသုံးပြုမှုဆိုင်ရာ အခွန်အခများပေးဆောင်ရေးတို့အပြင် အများပြည်သူ လစဉ်ကံစမ်းရင်း ပြည်သူ့အကျိုးပြုဆောင်ရွက်နေသည့် အောင်ဘာလေထီ စသည်တို့တွင် မပါဝင်၊ မဆောင်ရွက်ရေးဟူသော မှားယွင်းသောလုပ်ဆောင်မှုများ ပြုလုပ်လာကြသည်။ ပြည်သူများ၏အကျိုးအတွက် အောင်ဘာလေထီထိုးခြင်းကို ဆန့်ကျင်နှောင့်ယှက်ခဲ့ကြပြီး ပြည်သူများ အကျိုးမရှိသည့် မမှန်ကန်သောထီထိုးခြင်းများတွင် ပြည်သူများ ပါဝင်လာအောင် လှုံ့ဆော်စည်းရုံးနေကြသည်ကို တွေ့ရသည်။ ထီဆိုသည်မှာ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးကဲ့သို့ တရားမဝင်ထီလောင်းကစားမှုကို ဆောင်ရွက်ကြပါက မိမိအတွက်လည်း အကျိုးမရှိသည့်အပြင် ဥပဒေနှင့်မညီသဖြင့် အန္တရာယ်ရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တရားမဝင် နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါလောင်းကစားမှုများ နေ့စဉ်ပြုလုပ်သောကြောင့် ဒိုင်များသာ ချမ်းသာကြွယ်ဝကြပြီး ထိုးသားပြည်သူများ ဘဝပျက်ကြသည့်အပြင် ဖမ်းဆီးအရေးယူခြင်းကိုလည်း ခံကြရသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ယခုလည်း မတရားအသင်းများဖြစ်သည့် CRPH ၊ NUG တို့က နွေဦးထီဟုဆိုကာ တရားမဝင်ရန်ပုံငွေရှာဖွေမှုများ ပြုလုပ်နေရာ လေလှိုင်းပေါ်တွင် မရေရာမသေချာဘဲ ထီထိုးကြသဖြင့် ထီပေါက်ငွေလည်းမရ၊ ထီထိုးငွေလည်း မည်သူ့ထံရောက်ရှိသွားမှန်းမသိဘဲ မိမိတို့၏ငွေကြေးများသာ ဆုံးရှုံးရမည့်အပြင် တရားမဝင်ထီကို ထိုးကြသဖြင့် ဥပဒေနှင့်ငြိစွန်းပြီး အရေးယူခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ယခုနွေဦးထီသည် နှစ်လုံးထီ၊ သုံးလုံးထီထက် ပိုမိုအန္တရာယ်ရှိသည်ကို အထူးသတိပြုရမည်ဖြစ်သည်။ နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့်အဖွဲ့များက ပြုလုပ်သည့်နွေဦးထီကို ရောင်းခြင်း၊ စည်းရုံးခြင်း၊ အားပေးခြင်း၊ ထီထိုးခြင်းတို့သည် အကြမ်းဖက်အဖွဲ့အစည်းကို အားပေးခြင်းမြောက်သဖြင့် ပြည်တွင်းနေ ပြည်သူများအနေဖြင့် အထူးသတိထား သိရှိထားရန်လိုအပ်သည်။ မိမိတို့အနေဖြင့် ထီထိုးရန်ဆန္ဒရှိပါက ပြုပြင်ပြောင်းလဲ ပြင်ဆင်ဆောင်ရွက်ပေးထားသော တရားဝင်အောင်ဘာလေထီကိုထိုးခြင်းဖြင့် မိမိအတွက် တရားဝင်ငွေကြေး အလွယ်တကူရရှိခြင်း သို့မဟုတ် အများအကျိုးအတွက် ဆောင်ရွက်ခြင်းဟူသည့် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (သာသနာရေး) မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမင်းထွန်းကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုင်းဖြတ်မြို့ ဈေးတန်းပရိယတ္တိစာသင်တိုက်သို့ ဆွမ်းဆန်၊ ဆီနှင့် ပဲများ ဆက်ကပ်လှူဒါန်း

**မိုင်းဖြတ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဈေးတန်းပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်များ ဆွမ်းဆန်တော်အဆင်ပြေစေရန်အတွက် မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။



ထိုသို့ လှူဒါန်းရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးတန်းပရိယတ္တိစာသင်တိုက်ရှိ ဝါဆို ဝါကပ်တော်မူသော သံဃာ ၄၈ ပါးအတွက် ပေါ်ဆန်းမွှေး ၁၂ ပြည် ၁၀ အိတ်၊ ပဲဆီ ၁၂ ပိဿာ၊ ပဲ ၂၄ ပိဿာတို့ကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သာပေါင်းမြို့နယ် ငဝန်မြစ်အတွင်း ငါးကောင်ရေ သုံးသိန်းငါးသောင်း မျိုးစိုက်ထည့်

**သာပေါင်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်းငါးစားသုံးမှုတိုးတက်လာစေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ရည်ရွယ်၍ သာပေါင်းမြို့နယ် ငဝန်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက်ပိုင်းက အဆိုပါဆိပ်ကမ်းတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးသော်ထွန်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပုသိမ်ခရိုင်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇေယာထိုက်၊ ပုသိမ် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမျိုးနိုင်ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စခန်းဝန်ထမ်းများနှင့် သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ပုသိမ်ငါးသားဖောက်စခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်းငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းငါးသောင်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦး |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | | |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မှတ်ပုံတင်ရရှိရေး

**တိုင်းရင်းသားတိုင်း၊ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း မှတ်ပုံတင်ရရှိရေးကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းများရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပြီး ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားတိုင်းမှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများအနေဖြင့် အချိန်မီပြီးစီးရေးနှင့် မှန်မှန်ကန်ကန်ရရှိရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုမှာကြားသည့်အချက်များသည် နိုင်ငံအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အခြေခံအချက်များပင်ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

✻ ရှေ့ဖုံးမှ


အောင်မြင်စွာကျော်လွှားနိုင်ပြီး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်ကာလကြာရှည်စွာ ညီအစ်ကိုမောင်နှမဆက်ဆံရေး တည်ရှိပြီး အာဆီယံအသိုက်အဝန်းမှတစ်ဆင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း။

**ပေးပို့လှူဒါန်းခြင်းဖြစ်**

ယနေ့အချိန်တွင် တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ကြုံတွေ့နေရာတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်သူများမှ ညီအစ်ကိုမောင်နှမကဲ့သို့ စည်းလုံးညီညွတ်သော စိတ်ထားဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် အထောက်အပံ့အနေဖြင့် ယခုကဲ့သို့ ဆေးပစ္စည်းများကို ပေးပို့လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံ ရင်းနှီးမှုနှင့် ချစ်ကြည်စွာပူးပေါင်းမှုမှ တစ်ဆင့် နှစ်နိုင်ငံစည်းလုံးညီညွတ်မှု၊ လူမှုစီးပွားတိုးတက်မှုများသာမက ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများပါ ဆောင်ကြဉ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အခမ်းအနားသို့ တက်ရောက်လာသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ တာဝန်ရှိသူများနှင့် မြန်မာပြည်သူအားလုံးအား ကျန်းမာပျော်ရွှင်၍ အောင်မြင်ပါစေကြောင်း ဆုမွန်တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် အထောက်အကူပြု ဆေးပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။




ကမ္ဘောဒီးယားနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းသည့် အထောက်အကူပြုပစ္စည်းများကို တွေ့ရစဉ်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယခုလှူဒါန်းမှုများသည် မိမိတို့နိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်နိုင်ရေး ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် များစွာ အထောက်အကူဖြစ်စေပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကောင်းမွန်သည့် ချစ်ကြည်ရေး ပြယုဂ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် တစ်နှစ်ခွဲအတွင်း မိမိတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ မမျှော်လင့်သော စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ လတ်တလောကာလတွင်လည်း ၎င်းရောဂါပိုး၏ မျိုးရိုးဗီဇပြောင်း Delta အမျိုးအစား ဗိုင်းရပ်စ်ပိုးကြောင့် ရင်ဆိုင်ရသည့် အခက်အခဲများမှာ ပိုမိုပြင်းထန်လာပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး၏ မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ရေးဆိုင်ရာ ထောက်ပံ့မှုများပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ချက်များသည် မိမိတို့နိုင်ငံအား များစွာ အထောက်အကူဖြစ်သည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ အခမ်းအနားတွင် ပါးစပ်နှင့် နှာခေါင်းစည်း သုံးသန်း၊ COVID-19 AG sets ၅၀၀၀၀၀၊ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ(PPE) ၂၀၀၀၊ Oxygen Concentrators ၁၀၀ ခု၊ Ventilator Machines ၂၀၊ Patient Monitors and accessories အစုံ ၂၀ လက်ခံရရှိပါကြောင်း၊ အဆိုပါပစ္စည်းများသည် အာဆီယံ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ တို့အား ထပ်မံပံ့ပိုးလှူဒါန်းခြင်းဖြစ်ကြောင်း။

**ကယ်တင်နိုင်မည်**

ထိုသို့ ရင်းနှီးချစ်ကြည်စွာ လှူဒါန်းမှုများကြောင့် မြန်မာနိုင်ငံတွင် ကပ်ရောဂါ တိုက်ဖျက်ရေး ရှေ့တန်းမှ တိုက်ပွဲဝင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား ထိရောက်စွာ ပံ့ပိုးပေးနိုင်မည့်အပြင် နိုင်ငံတစ်ဝန်းရှိ အသက်ပေါင်းများစွာကိုလည်း ကယ်တင်နိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးတို့၏ ဦးဆောင်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါတုံ့ပြန်ရေးတွင် ထိရောက်သော လုပ်ဆောင်နိုင်မှုများ တွေ့မြင်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ကျေးဇူးတင်ရှိ**

ယခုလှူဒါန်းသည့် ဆေးပစ္စည်းများ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေး မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံရုံးက ညှိနှိုင်းလုပ်ဆောင်ပေးမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့လှူဒါန်းပေးအပ်ပွဲ ဖြစ်မြောက်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးကြပါသော နှစ်နိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံအထိ လာရောက်လှူဒါန်းပေးသော တာဝန်ရှိသူများအားလုံး ကျေးဇူးတင်ရှိပါကြောင်း။

ကျန်းမာသော အနာဂတ်ရရှိပိုင်ဆိုင်နိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများမှ ကိုဗစ်-၁၉ ကပ်ရောဂါအား တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကပ်ရောဂါအား ထိန်းချုပ်ကာကွယ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများအားလုံး COVID-19 ကပ်ရောဂါမှ ကင်းဝေးပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

**လာရောက်ပို့ဆောင်ခဲ့**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံအစိုးရက လှူဒါန်းသည့် အထောက်အကူပြုပစ္စည်းများကို အထူးလေယာဉ် သုံးစင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လာရောက်ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ယနေ့အခမ်းအနားတွင် ပါးစပ်နှင့် နှာခေါင်းစည်း သုံးသန်း၊** COVID-19 AG sets **၅၀၀၀၀၀၊ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ**(PPE) **၂၀၀၀၊** Oxygen Concentrators **၁၀၀၊** Ventilator Machines **၂၀၊** Patient Monitors and accessories **အစုံ ၂၀ လက်ခံရရှိပါကြောင်း၊ အဆိုပါပစ္စည်းများသည် အာဆီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ တို့အား ထပ်မံပံ့ပိုးလှူဒါန်းခြင်းဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၉**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်နယ်မြေအတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဒေတာစင်တာနှင့် မိုဘိုင်းဆက်သွယ်ရေးအိတ်ချိန်း၊ မြန်မာ့မီးရထားနေပြည်တော်ဘူတာကြီးနှင့် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ဗဟိုစာတိုက်ကြီးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် မြန်မာ့စာတိုက်လုပ်ငန်းပြခန်း၊ နေပြည်တော်ဗဟိုစာတိုက်ကြီး ကောင်တာ၊ စာ/ပါဆယ်များ လုံခြုံရေးစစ်ဆေးနေသော X-Ray စက်ခန်းနှင့် စာတိုက်သေတ္တာထားရှိသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သတင်းအချက်အလက် နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ ရောက်ရှိရာ ရုံးချုပ်အစည်းအဝေးခန်းမ၌ e-Government ဌာနညွှန်ကြားရေးမှူးက e-Government Data Center လုပ်ငန်းများဆောင်ရွက်မှု၊ ဝန်ဆောင်မှုပေးနေသည့် အခြေအနေနှင့် ဆောင်ရွက်ဆဲစီမံကိန်းများဖြစ်သော e-Government integrated Data Center တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### ဖြည့်စွက်မှာကြား

ဆက်လက်၍ အမျိုးသားဆိုက်ဘာလုံခြုံရေး ဗဟိုဌာန ညွှန်ကြားရေးမှူးက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ လုပ်ငန်းများကို သုံးသပ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတင်းအချက်အလက် နည်းပညာခေတ်တွင် ဆိုက်ဘာလုံခြုံရေးသည် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် အထူးဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျပြုစုပျိုးထောင်ရန်နှင့် နိုင်ငံတကာစံနှုန်း၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်တို့နှင့် ကိုက်ညီမည့် ဥပဒေ၊ စည်းမျဉ်းများ၊ မူဝါဒများ စနစ်တကျ ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် သတင်းအချက်အလက် နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အဆောက်အအုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒေတာစင်တာနှင့် မိုဘိုင်းဆက်သွယ်ရေးအိတ်ချိန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသအလိုက် Mobile Team များ ဖွဲ့စည်း၍ အချိန်နှင့်တစ်ပြေးညီ ပြုပြင်နိုင်ရေး စီမံဆောင်ရွက်ထားရှိရန်နှင့် လုံခြုံရေးကိစ္စကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ(မြို့ပြ)က နေပြည်တော်ဘူတာတွင် သရုပ်ပြစက်ခေါင်းများထားရှိမည့် အဆိုပြုပုံစံများ၊ မီးရထားပြတိုက် တည်ဆောက်မည့် အဆိုပြုနေရာများ၊ နေပြည်တော်ဘူတာနှင့် မလ္လကုန်းဘူတာတို့တွင် မီးရထားပြတိုက် တည်ဆောက်ရန် ဒီဇိုင်းရေးဆွဲဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထားပြတိုက် တည်ဆောက်မည့် အဆိုပြုမြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သော သဘာဝဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**
စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) နေပြည်တော်အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။



စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သော သဘာဝဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆွေးနွေးစဉ်။

### တက်ရောက်

အဆိုပါအစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးသန့်စင်၊ ဦးကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ အမှတ်(၁)နှင့်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဌေး၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်းတို့က စက်ရုံများအနက် ပထမအဆင့် ပြန်လည်လည်ပတ်မည့် စက်ရုံများအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ပံ့ပိုးပေးရမည့်အခြေအနေ၊ ဓာတ်အားလိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ကြံ့ခိုင်မှုစစ်ဆေးပေးရမည့်အခြေအနေနှင့် အချိန်ကာလတို့အား အသီးသီးတင်ပြဆွေးနွေးခဲ့သည်။ သဘာဝဓာတ်ငွေ့သုံး ဦးစားပေးလည်ပတ်မည့် စက်ရုံများမှာ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၊ အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)၊ အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)၊ အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)၊ အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း)၊ အမှတ်(၃၄) အကြီးစားစက်ရုံ(သာယာဝတီ)၊ အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)၊ အမှတ်(၂) အထည်စက်ရုံ(ပလိပ်)၊ အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)၊ အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်)၊ စက္ကူစက်ရုံခွဲ(ပလိပ်)၊ စက္ကူစက်ရုံ(ရေနီ)၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)၊ ဆေးဝါးစက်ရုံ(အင်းစိန်)၊ သောက်ရေသန့်စက်ရုံခွဲ(ကျောက်ဆည်) စက်ရုံများအတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များအပေါ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားများအစား ဇီဝလောင်စာစွမ်းအင်နှင့် အခြားအပူစွမ်းအင်တို့ဖြင့် အစားထိုးလည်ပတ်နိုင်ရေးအခြေအနေ၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

အစည်းအဝေး ဆွေးနွေးချက်များအပေါ် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ရင်းနှီးပွင့်လင်းစွာဆွေးနွေးပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်ရေးအတွက် အင်တိုက်အားတိုက် ဆွေးနွေးပေးခြင်းနှင့် ပံ့ပိုးဆောင်ရွက်ပေးခြင်းတို့ကို နွေးထွေးပျူငှာစွာ ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်ရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့တို့ကို မိမိတို့ဘက်မှတတ်နိုင်သရွေ့ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော်အတွင်းရှိ ကျေးရွာများ စံပြကျေးရွာဖြစ်ပေါ်လာစေရန် အခြေခံအဆောက်အအုံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်အတွင်းရှိ ကျေးရွာများ စံပြကျေးရွာဖြစ်ပေါ်လာစေရေးနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု၊ စီးပွားရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် မကျီးပင်ကွင်းကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး လူဦးရေ ၄၅၅ ဦး အသုံးပြုနိုင်မည့် စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် အိမ်တိုင်ရာရောက်ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားသည့် အသင်းသားများ စိုက်ပျိုးထားသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်မည့် ခန်းမဆောင်တည်ဆောက်မည့် မြေနေရာများကို လည်းကောင်း၊ လူထုဗဟိုပြု



စီမံကိန်းဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်းဆောင်ရွက်ပြီးစီးမှု ကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် ရန်ကင်းကျေးရွာတွင် လူဦးရေ ၄၅၅ ဦး အသုံးပြုနိုင်မည့် စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် သမဝါယမကဏ္ဍ မြှင့်တင်ရေးနှင့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ဘက်စုံ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းနှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပိုင်ရှင်စိတ် (Owner Ship) ဖြင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်ပေါင်းစပ်ကာ စံပြကျေးရွာများ ဖြစ်ပေါ်လာစေရေး၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များ စီးပွားရေးလိုအပ်ချက်များ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၄၇ ခု၊ ကျေးလက်ကုန်ထုတ်လမ်း ၁၈ မိုင် ၂ ဖာလုံ၊ ကျေးလက်ကုန်ထုတ် တံတား ၄၂ စင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခုနစ်ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၆ ရွာနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၃၄ ကြိမ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# SEACEN Virtual High–Level Seminar and Meeting of Deputy Governors of Financial Stability and Supervision ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၉**

အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (SEACEN Centre) က ကြီးမှူးကျင်းပသည့် SEACEN Virtual High–Level Seminar and Meeting of Deputy Governors of Financial Stability and Supervision ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကို ယမန်နေ့ နံနက် ၇ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးတွင် ဘဏ္ဍာရေးတည်ငြိမ်ရေးနှင့် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးခြင်း၊ ဆုံးရှုံးနိုင်ခြေများ၊ တီထွင်ဆန်းသစ်မှုများ၊ Climate Risk တို့နှင့် ပတ်သက်၍ SEACEN အဖွဲ့ဝင် ဗဟိုဘဏ်များ/ငွေကြေးအာဏာပိုင်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးသူများ၊ SEACEN Centre အမှုဆောင်ဒါရိုက်တာနှင့် ဒါရိုက်တာများ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။

**တင်ပြဆွေးနွေး**

အစည်းအဝေး၌ ၂၀၂၁ ခုနှစ်အတွက် SEACEN Virtual High–Level Seminar တွင် FinTechs and Big Techs တို့နှင့်ပတ်သက်၍ United States Department of the Treasury မှ ဒါရိုက်တာ Mr. James Freis က လည်းကောင်း၊ Data များ စီမံခန့်ခွဲမှု၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဘဏ်လုပ်ငန်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများ၊ ဗဟိုဘဏ်များ၏ ဒစ်ဂျစ်တယ်ငွေကြေးဆောင်ရွက်မှုများ၊ Recent Cyber Attacks ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ ပညာရှင်များကလည်းကောင်း တင်ပြဆွေးနွေးရာ တက်ရောက်လာကြသည့် ဗဟိုဘဏ်အသီးသီးမှ ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ ၂၀၂၁ ခုနှစ်အတွင်း SEACEN က ကြီးမှူးကျင်းပသည့် Financial Stability and Supervision နှင့် ပတ်သက်သည့် သင်တန်းများ၊ သုတေသနစီမံကိန်းများ၊ လတ်တလော ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ၊ လာမည့် ၂၀၂၂ ခုနှစ်တွင် ကျင်းပရန် ရည်ရွယ်ထားသည့် Financial Stability and Supervision နှင့်ပတ်သက်သည့် သင်တန်းများ၊ သုတေသနစီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အထောက်အကူပြုကော်မတီက မြို့နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ မိသားစုစားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသော ရပ်ကွက်များတွင် ကြိုတင်စာရင်းကောက်ယူပြီး စေတနာရှင် အလှူရှင်များနှင့် ချိတ်ဆက်ပြီး လှူဒါန်းပေးလျက်ရှိသည်။ ထိုသို့ လှူဒါန်းရာတွင် ယနေ့နံနက်တွင် ကျော်မိသားစု ဆိုနာလီ ကာထွန်စက်ကုမ္ပဏီလီမိတက်က ပေါက်ကုန်းရပ်ကွက်အတွင်း အိမ်ထောင်စု ၁၀၀ အတွက် အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲ၊ ကြာဆံတို့ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျော်မိသားစုကုမ္ပဏီပိုင်ရှင် ဦးကျော်စိန်၊ ဒေါ်မန်းတို့က အိမ်ထောင်စု ၁၀၀ အတွက် ဆန် ၁၆ ပြည်အိတ် ၁၀၀၊ ဆီတစ်ပိဿာပုံး ၁၀၀၊ ကြက်ဥကတ် ၁၀၀၊ ခေါက်ဆွဲဖာ ၁၀၀၊ ကြာဆံအစည်း ၁၀၀ တို့ကိုလည်းကောင်း ရပ်ကွက်တာဝန်ရှိသူများထံ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ခွင့်သာခိုက်မှ မလိုက်ချင်လျှင် ...

သူရိန်သော်

အနောက်တောင်အရပ်မှ လေနုအေးများက မိုးသားတို့ကို ယူဆောင်လာခဲ့သည်။ ကောင်းကင်ထက်တွင် တိမ်လိပ်များက ပင်လယ်နှင့်ထိစပ်သည့် တနင်္သာရီ၊ ဧရာဝတီ၊ ရခိုင်မြေတို့ဆီမှသည် အရှေ့ဘက်စွန်းရှိ ရှမ်းရိုးမတောင်တန်း၊ မြောက်ဘက်စွန်းရှိ ကချင်ပြည်နယ် ရေခဲတောင်များရှိရာဒေသအထိ ခရီးနှင်လျက်ရှိသည်။ ဥတုသုံးလီမျှတသည့်နိုင်ငံ၊ သဘာဝသယံဇာတပေါကြွယ်သည့်နိုင်ငံ၊ ပရဟိတစိတ်ထက်သန်သည့်နိုင်ငံ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အားကောင်းသည့်နိုင်ငံ၊ ရိုးသားမှုကို မြတ်နိုးပြီး တရားမျှတမှုကို ကိုးစားသည့်နိုင်ငံဟူ၍ နိုင်ငံသားတစ်ယောက်အဖြစ် ဂုဏ်ယူရသည့် မြန်မာနိုင်ငံ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံကို မပျက်စီး၊ မယိုယွင်းရအောင် ကာကွယ်စောင့်ရှောက်ရမည်မှာ နိုင်ငံသားများအားလုံး၏ တာဝန်ပင်မဟုတ်ပါလား။

**အကြမ်းဖက်တတ်ခြင်း၊ အကျိုးမဲ့ပျက်စီးစေလိုခြင်း၊ ရန်လိုတိုက်ခိုက်ခြင်းသည် မိမိသည်သာမက မိမိမိသားစု၊ မိမိရပ်ရွာနှင့် မိမိနိုင်ငံအထိပါ ပျက်စီးရသည်ဟူသည်ကို သတိမမူမိဘဲ အရိုင်းအစိုင်းလူငယ်များ၊ ဘာသာတရားကို မထီမဲ့မြင်ပြုတတ်သည့် လူရိုင်းစိုင်းများအဖြစ် ပုံသွင်းခဲ့သည်မှာ အကြမ်းဖက်အဖွဲ့အစည်းများပင်ဖြစ်ပါသည်။ ယင်းကိုလည်း လွန်ခဲ့သည့်ငါးနှစ်တာကာလမှ အစပြုကာ ပုံသွင်းခဲ့သည်ကိုလည်း သတိပြုမိစေလိုပါသည်။ လူငယ်များကို လမ်းမှန်သို့ပြသပေးရန်၊ ပြုပြင်ပေးရန်၊ အမှန်မြင်အောင် တည့်မတ်ပေးရန် လိုအပ်နေချိန်လည်းဖြစ်ပါသည်။ လူငယ်အချို့ တော်လှန်ရေးဟူသည့် ခေါင်းစဉ်အောက်တွင် အသက်ပေးလိုက်ကြရသည်။ လူသူမနီး တောကြီးမြိုင်ကြီးအတွင်း ခြေမွေးလက်မွေးမီးမလောင်ခဲ့ဖူးသည့် လူငယ်တို့ အတိဒုက္ခရောက်ကြရသည်။ ပြေးလွှားပုန်းအောင်းရင်း အဖိတ်အစဉ်များစွာကို မျက်မြင်တွေ့နေကြရ**

ပြောင်းလဲလာသောအရွေ့များ

မြန်မာနိုင်ငံသားတို့ နိုင်ငံအတွက် လွတ်လပ်ရေး မရမီကာလများကတည်းကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး လွတ်လပ်အောင် အမျိုးမျိုးသော ဖိနှိပ်ကာဆီးမှုများအကြားမှ ကြိုးစားရုန်းကန်၍ လွတ်လပ်ရေးအတွက် ကြံဆောင်ခဲ့ကြသည်။ ရှမ်းကတစ်မျိုး၊ ကချင်ကတစ်သွယ်၊ ချင်းကတစ်ဖုံ စသည်ဖြင့် ခွဲခြားမချန်ရစ်ခဲ့ကြ။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းခြင်းဖြင့်သာ ပြည်ထောင်စုအဖြစ် ရပ်တည်လာခဲ့ကြခြင်းဖြစ်ပါသည်။ ပဒေသရာဇ်ခေတ်မှသည် ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ်အထိ သမိုင်းအဆက်ဆက်တို့တွင် တိုင်းပြည်ကြီး တိုးတက်စည်ပင်အောင်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင်၊ စားနပ်ရိက္ခာကြွယ်ဝပြီး အနာဂတ်အတွက် ရင်သွေးငယ်များ ကျန်းမာကြံ့ခိုင်အောင် ဆောင်ရွက်ခဲ့ကြသူများရှိသလို လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ ကျော်အတွင်း နိုင်ငံပြိုလဲပျက်စီးအောင်၊ ပြည်နယ်များ ကွဲပြားသွားအောင် ခြိမ်းခြောက်လက်နက်ကိုင်ကြသူများလည်း အဆက်မပြတ်ပေါ်ထွက်ခဲ့သည်။

ထိုအချိန်တိုင်းတွင်ပင် တပ်မတော်သည် သူ့အချိန်၊ သူ့အခါအလျောက် နိုင်ငံအတွက် ပါဝင်ထိန်းသိမ်းခဲ့ရသည် ချည်းပင်ဖြစ်ပါသည်။ ပြီးခဲ့သည့် သမိုင်းဖြစ်စဉ်များတွင် နိုင်ငံနှင့် ပြည်သူတို့အတွက် သမိုင်းသင်ခန်းစာများစွာ ရရှိပိုင်ဆိုင်ခဲ့ကြသည်။ သမိုင်း၏ နာကျင်စရာဖြစ်ရပ်များ၊ မှားယွင်းဆုံးဖြတ်မှုများနှင့် တစ်ယူသန်အစွဲများကို သင်ခန်းစာအဖြစ်မှတ်ယူ၍ အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်တည်ဆောက်ကြရမည့် တာဝန်ကို မိမိတို့နိုင်ငံသားတိုင်းက ခံယူကာ လက်ခံကျင့်သုံး ကျော်လွှားခြင်းဖြင့် နိုင်ငံ့အနာဂတ်ကို ပုံဖော်ထုဆစ်ကြရမည် ဖြစ်ပါသည်။

တိုင်းပြည်နှင့်နိုင်ငံသားတို့အတွက် ကြိုးပမ်းရာတွင် နိုင်ငံ့ဝန်ထမ်းများလည်း ပါဝင်ရမည်ဖြစ်သကဲ့သို့ ဆင်းရဲချမ်းသာမရွေး၊ မြို့ပြကျေးလက်မရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ နိုင်ငံရေးဝါဒမရွေး အားလုံးစုစည်းပါဝင်ကြမှသာ တိုင်းပြည်၏ အကျပ်အတည်း၊ အခက်အခဲကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။ "နိုင်ငံကောင်းစားဖို့အတွက်" ဟူသည့် စေတနာစိတ်ကို အရင်းခံကာ မတူသည့်အမြင်၊ မတူသည့် သဘောထားကို အကောင်းဆုံးညှိနှိုင်း၍ ပကတိအခြေအနေမှန်ကိုမြင်အောင် ကြည့်ကြဖို့ လိုအပ်နေချိန် ဖြစ်ပါသည်။ အဓိကနှင့် သာမညကို ခွဲခြားသိမြင်ကာ နိုင်ငံအတွက် အရေးကြီးသည့် အခြေခံအချက်များကို နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင် လက်ခံပေးကြရန်လည်း အလွန်ပင်အရေးကြီးပါသည်။

ကံကြမ္မာဆိုးကိုဖန်တီးကြသူများ

ဒီမိုကရေစီသည် နိုင်ငံရေးစနစ်တစ်ခုဖြစ်၍ မတူညီမှုများကြားမှ တူညီချက်များကို အရယူကာ အများဆန္ဒနှင့်အညီ နိုင်ငံကို မောင်းနှင်ရမည့် နိုင်ငံရေး ရပ်တည်ချက်တစ်ခု မဟုတ်ပါလား။ မိမိတို့နိုင်ငံသားတိုင်းက လွတ်လပ်၍ တရားမျှတမှုကို မြတ်နိုးကြသည်။ တိုင်းပြည်ကို တိုးတက်အောင်ကြံဆောင်လိုကြသည်။ သို့သော် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများမှာ ဒီမိုကရေစီကို ဒိုင်းသဖွယ်ကာရံကာ တစ်ပါတီအာဏာရှင်ဆန်ဆန်ပြုမူမှုကို ပြီးခဲ့သည့်ငါးနှစ်တာအတွင်း ကြုံတွေ့ခဲ့ကြရသည်။ တစ်နိုင်ငံလုံး သောင်ပြိုကမ်းပြို၊ ၁၀၀ ရာခိုင်နှုန်းမဲနိုင်ချင်တယ်ဟူသည့် စကားလုံးတစ်လုံးနှင့်ပင် နောက်ဆက်တွဲရလဒ် မဲမသမာမှုမျိုးစုံနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးသည် အကျည်းတန်ခဲ့ရပြီဖြစ်သည်။

ကိုယ်ကျိုးရှာ နိုင်ငံရေးသမားတို့ အကြံအစည်သည် တပ်မတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းခဲ့မှုကြောင့် မအောင်မြင်ခဲ့ရတော့။ သို့သော် နိုင်ငံကို မပျက်ပျက်အောင် ဖျက်ဆီးရန်၊ တစ်စစီပြိုကွဲအောင် ဖြိုခွဲရန် ကြံစည်သူများက အင်အားကောင်းသည့် လူမှုရေးဝါဒဖြန့်ယန္တရားဖြစ်သည့် ဆိုရှယ်မီဒီယာ (ဖေ့စ်ဘွတ်)ကို အဓိကထားကာ အွန်လိုင်းမှတစ်ဆင့် ဝါဒဖြန့်ချပ်ကိုင်ခြယ်လှယ်မှုကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာကြတော့သည်။ ဆန္ဒပြ၊ ဆူပူ၊ အကြမ်းဖက်၊ လူသတ်၊ ဖုံးခွဲ၊ ချုံခိုတိုက်ခိုက်သတ်ဖြတ် စသည်အထိ ဆိုးဆိုးရွားရွားလုပ်ဆောင်ကြသည်။ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲကာ သတ်ဖြတ်သည်။ အပြစ်မဲ့ကျောင်းသား ကျောင်းသူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် အလုပ်သမားများကို တာဝန်ပျက်ကွက်အောင် အမျိုးမျိုးစွပ်စွဲခြိမ်းခြောက်တားဆီးမှုများ အဆက်မပြတ် ပြုလုပ်ခဲ့ကြသည်။

**ကိုယ်ကျိုးရှာနိုင်ငံရေးသမားတို့ အကြံအစည်သည် တပ်မတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းခဲ့မှုကြောင့် မအောင်မြင်ခဲ့ရတော့။ သို့သော် နိုင်ငံကို မပျက်ပျက်အောင် ဖျက်ဆီးရန်၊ တစ်စစီပြိုကွဲအောင် ဖြိုခွဲရန် ကြံစည်သူများက အင်အားကောင်းသည့် လူမှုရေးဝါဒဖြန့်ယန္တရား ဖြစ်သည့် ဆိုရှယ်မီဒီယာ (ဖေ့စ်ဘွတ်)ကို အဓိကထားကာ အွန်လိုင်းမှတစ်ဆင့် ဝါဒဖြန့်ချပ်ကိုင်ခြယ်လှယ်မှုကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာကြတော့သည်။ ဆန္ဒပြ၊ ဆူပူ၊ အကြမ်းဖက်၊ လူသတ်၊ ဖုံးခွဲ၊ ချုံခိုတိုက်ခိုက်သတ်ဖြတ် စသည်အထိ ဆိုးဆိုးရွားရွားလုပ်ဆောင်ကြသည်။ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲကာ သတ်ဖြတ်သည်။ အပြစ်မဲ့ကျောင်းသား ကျောင်းသူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် အလုပ်သမားများကို တာဝန်ပျက်ကွက်အောင် အမျိုးမျိုးစွပ်စွဲခြိမ်းခြောက်တားဆီးမှုတွေ အဆက်မပြတ်ပြုလုပ်ခဲ့ကြ**

တရားမဝင်အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG စသည့် အကြမ်းဖက်အုပ်စုဝင်များ၏ လှုပ်ရှားမှုသည် နိုင်ငံ့ကောင်းကျိုး၊ လူမျိုးအကျိုးစီးပွားအတွက် တစ်ခုမျှမပါဝင်ဘဲ၊ အိမ်ကြက်ချင်း အိုးမဲသုတ်စရာမလိုဘဲ အချင်းချင်း သေကျေပျက်စီးအောင် အွန်လိုင်းပေါ်မှ ခလုတ်နှိပ်ရင်း ဖန်တီးနေကြသည်မှာ ရင်နာစရာပင်ကောင်းလှသည်။

လမ်းချော်ကြသူများ

လူငယ်တို့၏သဘောသည် စွန့်စားရဲကြသည်။ ဖိနှိပ်ချုပ်ချယ်မှုကို မကြိုက်လိုကြ။ ယင်းအချက်ကို အပိုင်သိသည့် အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများက လူငယ်များ သည်းခြေကြိုက် အာဇာနည်ဟူသည့် အသုံးအနှုန်းဖြင့် မြှောက်ပင့်ကာ မိမိတို့ကိုယ်ကျိုးအတွက် လူငယ်အချို့ကို လူသားဒိုင်းသဖွယ် ပွဲထုတ်ခဲ့ကြသဖြင့် မဖြစ်သင့်ဘဲ အကြွေစောခဲ့၊ မှားယွင်းသည့်အတွက် နောင်တရခဲ့သည့် လူငယ်တို့ ခြောက်လတာအတွင်း ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါသည်။ တက်ကြွရဲရင့်သည့် နုငယ်ပျိုမြစ်သည့် အစွမ်းသတ္တိများသည် အဟောသိကံဖြစ်ခဲ့ရပြီ။

အကြမ်းဖက်တတ်ခြင်း၊ အကျိုးမဲ့ပျက်စီးစေလိုခြင်း၊ ရန်လိုတိုက်ခိုက်ခြင်းသည် မိမိသည်သာမက မိမိမိသားစု၊ မိမိရပ်ရွာနှင့် မိမိနိုင်ငံအထိပါ ပျက်စီးရသည်ဟူသည်ကို သတိမမူမိဘဲ အရိုင်းအစိုင်းလူငယ်များ၊ ဘာသာတရားကို မထီမဲ့မြင် ပြုတတ်သည့် လူရိုင်းစိုင်းများအဖြစ် ပုံသွင်းခဲ့သည်မှာ အကြမ်းဖက်အဖွဲ့အစည်းများပင် ဖြစ်ပါသည်။ ယင်းကိုလည်း လွန်ခဲ့သည့် ငါးနှစ်တာကာလမှ အစပြုကာ ပုံသွင်းခဲ့သည်ကိုလည်း သတိပြုမိစေလိုပါသည်။ လူငယ်များကို လမ်းမှန်သို့ပြသပေးရန်၊ ပြုပြင်ပေးရန်၊ အမှန်မြင်အောင် တည့်မတ်ပေးရန် လိုအပ်နေချိန်လည်း ဖြစ်ပါသည်။ လူငယ်အချို့ တော်လှန်ရေးဟူသည့် ခေါင်းစဉ်အောက်တွင် အသက်ပေးလိုက်ကြရသည်။ လူသူမနီး တောကြီးမြိုင်ကြီးအတွင်း ခြေမွေးလက်မွေး မီးမလောင်ခဲ့ဖူးသည့် လူငယ်တို့ အတိဒုက္ခရောက်ကြရသည်။ ပြေးလွှားပုန်းအောင်းရင်း အဖိတ်အစဉ်များစွာကို မျက်မြင်တွေ့နေကြရပြီ။

လက်လုပ်ဖုံးဖန်တီးရင်း ခြေပြတ်လက်ပြတ် ဒုက္ခရောက်ကြရသူများ၊ အဖမ်းအဆီးအသံကြားပြီး ထွက်ပြေးရင်း ရေတိမ်နစ်ခဲ့ကြသူ လူငယ်များကိုပင် အမှားကိုအမှန်ပြင်ပေးရမည့်အစား သူရဲကောင်းများ၊ အာဇာနည်များဟုပင် မြှောက်ပင့်ပေးကာ တလွဲပုံဖော်နေကြသည်ကို မြင်တွေ့ရသည်မှာ အကုသိုလ်ဒုစရိုက် ကမ္ဘဝိပါက် ဆိုးရွားချက်ပင် ဖြစ်ပါတော့သည်။ ထိုအချိန်တွင် တိုင်းပြည်အတွက် ပြည်ပသို့ထွက်ပြေးရင်း အနစ်နာခံနေရပါသည်ဟူသည့် ဆရာ့ဆရာကြီးများက အဝေးရောက်စီမံညွှန်ကြား ဗျာဒိတ်ပေး၍ မဆုံးသေးသည်ကိုလည်း မြင်တွေ့ရသည်။ နိုင်ငံရေးကျွမ်းကျင်သူများ၏ ထောက်ပြမှုအရ အကြမ်းဖက်ဦးဆောင်သူများက Peace Protests ဆန္ဒပြရန် ဆွဲဆောင်ပြီး ဆန္ဒများထွက်ပြ၊ Riots လူစုလူဝေးနှင့် ဆန္ဒပြမှုကို ပိုမိုကျယ်ပြန့်အောင် လှုံ့ဆော်၊ Anarchy Mobs ရရာလက်နက်ကိုင်စွဲပြီး ဆူပူအကြမ်းဖက်ကြရန် တိုက်တွန်းလှုံ့ဆော်၊ အစိုးရယန္တရားရပ်တန့်အောင် CDM လှုပ်ရှားမှုနှင့် သပိတ်အမျိုးမျိုးဆင်နွှဲ၊ Insurrections ရရာလက်နက်နှင့် ဆက်လက်တိုက်ကြရန်နှင့် ဆက်လက်တိုက်ပွဲဝင်ရန် လှုံ့ဆော်၊ သူပုန်သူကန်များနှင့် မဟာမိတ်ပြု တော်လှန်ရေးကို အရှိန်မြှင့်ခြင်းနှင့် နောက်ဆုံးအဆင့် Terrorism အကြမ်းဖက်တိုက်ခိုက်အောင်၊ လူထုအားလုံး ဆူပူအုံကြွအောင်၊ အလုံးစုံပျက်စီးအောင် အဆင့်ငါးဆင့်နှင့် ကြိုးပမ်းခဲ့ကြခြင်းပင်ဖြစ်ပါသည်။

ရောင်နီလင်းလုပြီ

သပိတ်စစ်ကြောင်းရှေ့ အယောင်ပြထွက် ဦးဆောင်လမ်းပြသူတို့ ပြည်တွင်းတွင် မရှိကြတော့။ မီးကလောင်ခဲ့သည်။ အမှန်ပင်။ ဖုံး၍မရ။

စာမျက်နှာ ၇ သို့ ☆

# ကျိုင်းတုံမြို့နယ်၌ နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးဝန်ကြီးဌာန**

အမိန့်အမှတ် ၃၀၂/၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတုံမြို့နယ်တွင် ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများမပါ၊

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀–၈–၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# တပ်မတော်ဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့သို့ အောက်ဆီဂျင်အရည် တန် ၂၀ ပေးအပ်လှူဒါန်း



**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အောက်ဆီဂျင်ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အောက်ဆီဂျင်စက်သစ်လည်ပတ်ရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ် (၂၅) ကျောင်းဆင်းအရာရှိများက တပ်မတော်ဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးများသို့ အောက်ဆီဂျင် အရည် တန် ၂၀ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို တက်ရောက်ပြီး လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ကိုဗစ် –၁၉ ရောဂါ ကုသရေးစင်တာသို့ ရောက်ရှိရာ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ ဆလင်ဒါအိုး ၈၀၀ ထုတ်လုပ်နိုင်မည့် တန် ၂၀ ဆံ့ Liquid Oxygen Tank တပ်ဆင်တည်ဆောက်နေမှု၊ ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့လူနာ ၂၄၀ ထားရှိနိုင်မည့် တိုးချဲ့အဆောင်သုံးဆောင် တည်ဆောက်ပြီးစီးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် အောက်ဆီဂျင်အရည်ပါ လီတာ ၄၀ ဆလင်ဒါအိုးအသစ် ၂၄၀၀ ကျော် စုဆောင်းထားရှိပြီး ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများသို့ အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေး ပြန်လည်မျှဝေပေးနေမှု အခြေအနေများနှင့် MCC စင်တာ၌ ပိုးတွေ့လူနာ ၇၀ ကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

မီးကိုပြည်သူ့အားဖြင့် ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ရုတ်တရက်အခြေအနေကြောင့် လမ်းပေါ်ထွက်ခဲ့ရသည့် ပြည်သူအချို့ အမှန်သိသွားခဲ့ပြီ။ လက်ရှိကျန်ရှိနေသေးသည့် လူတစ်စုစာတို့မှာ မည်မျှပင် မီးပြန်မွေးပါစေ တောက်လောင်မလာနိုင်တော့။ မီးလောင်ပြင်အား ရှင်းလင်းရန်၊ မီးကြွင်း မီးစများအား ငြိမ်းသတ်ရန် ပြည်သူ့အားဖြင့် အမြန်ဆုံးထူထောင်ကြရမည့် ကာလဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီပြည်ထောင်စုအတွက် ပြည်သူများ ဆက်လက်ချီတက်ကြရပါမည်။ ခရီးစဉ်လမ်းကြောင်းမှာ တစ်ပါတီအာဏာရှင်စနစ်မဟုတ်ပါ။ တရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူကရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီကိုယ်စားလှယ်လောင်းများကို ဥပဒေအရသတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတည်ထောင်မည့် ဒီမိုကရေစီလမ်းကြောင်းပင်ဖြစ်ပါသည်။ ယင်းကိုလည်း ပြည်သူများအားလုံးကို အတိအလင်းကြေညာပြောကြားပြီးသားဖြစ်သလို နိုင်ငံတကာသို့လည်း ပွင့်လင်းမြင်သာစွာ ပြောဆိုထားပြီးသားပင်ဖြစ်ပါသည်။

မိမိတို့ပြည်သူများ၏ တာဝန်သည် နိုင်ငံကို ပိုမိုတိုးတက်မြင့်မားအောင် ကြံဆောင်ကြရန်ပင်ဖြစ်ပါသည်။ မဟုတ်မမှန်လမ်းစဉ်များကို ရှောင်ရှားကာ ဒီမိုကရေစီ၏အနှစ်သာရကို ဖော်ဆောင်ရန်အတွက် မြို့နယ်၊ ကျေးရွာ၊ ခရိုင် စသည့် အဆင့်တိုင်းတွင် မိမိတို့ကျရာ၊ နိုင်ရာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသားတိုင်းက လေးစားလိုက်နာကြရမည်ဖြစ်သကဲ့သို့ မိမိတို့ရပ်ရွာအတွင်း မငြိမ်မသက်ဖြစ်စေရန်၊ တည်ငြိမ်အေးချမ်းမှုမရှိစေရန် ကြံရွယ်သူများကို ဖယ်ရှားကြရခြင်းဖြင့် နိုင်ငံ့ဝန်ကို နိုင်ငံသားတိုင်းက ထမ်းရွက်ကြရမည်ဖြစ်ပါသည်။ သူတစ်ပါး သွေးထိုးမြှောက်ပင့်မှုဖြင့် CDM လှုပ်ရှားမှုပါဝင်သူအချို့ အနေအစားပျက်ယွင်းကာ အခက်ကြုံကြရသည်။ တောတွင်းနေရာအချို့တွင် လူငယ်အချို့ ထွက်ပေါက်မဲ့ကာ ရည်ရွယ်ချက် ပျောက်နေကြရသည်။ အမှားကိုသိ၍ အမှန်ကိုမြင်ပါ၊ အလင်းကိုသိ၍ အမှောင်ကိုခွင်းပါဟူ၍ လေးလေးနက်နက် တိုက်တွန်းလိုပါသည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ တေးထပ်ကဗျာတစ်ပုဒ်ကို အမှတ်ရမိပါ၏။ လောကီကိုပယ်၍ လောကုတ္တရာ အကျိုးမျှော်၍ ရေးသားထားသော်လည်း လောကီလူ့ဘောင် သာယာရေးအတွက်လည်း များစွာအကျိုးရှိလှသည့် ခွင့်သာခိုက်မှ မလိုက်ချင်လျှင်ဟူသည့် ကဗျာပင်ဖြစ်ပါသည်။

ယင်းတေးထပ်အတွင်းမှ အောက်ဆုံးစာပိုဒ်ဖြစ်သည့် –

**"အခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်**
**အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။**
**ခွင့်သာဆဲမှ မခဲချင်လျှင်**
**အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။**
**ခွင့်သာတုန်းမှ မရုန်းချင်လျှင်**
**အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား။"**

ဟူ၍ပင် နှလုံးသွင်းဆင်ခြင်ကြရင်းဖြင့် နိုင်ငံသားများအားလုံး တိုင်းပြည်ပြန်လည် ထူထောင်ရေးအတွက် ပူးပေါင်းပါဝင်ကြရန် အကြံပြုတိုက်တွန်းလိုက်ရပါတော့သည်။ ။

# ဩဂုတ် ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅၉၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၈-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၁,၅၄၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၅၉၀)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၃၉၅,၁၂၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၆၅,၇၅၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၈၉၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၂၈၆,၇၇၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၅၉)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၃,၉၄၅) ဦး ရှိပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၆၇)ခု | (၁၄၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၀)ခု | (၂၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၈)ခု | (၃၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၅)ခု | (၁၁၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၅၈)ခု | (၂၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၄၅)ခု | (၃၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၄၆၃)ခု | (၁,၈၅၃)ဦး |
| စုစုပေါင်း | (၁၁,၅၄၆)ခု | (၂,၅၉၀)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၀၇၂၈၃၈ | ၃၀၃၄၁၈၈၆ | ၆၄၁၃၅၈ |
| ၂။ | အိန္ဒိယ | ၃၂၃၂၀၈၉၈ | ၃၁၅၁၆၂၂၄ | ၄၃၃၀၆၃ |
| ၃။ | ဘရာဇီး | ၂၀၄၅၈၂၂၁ | ၁၉၃၆၂၉၉၀ | ၅၇၁၇၀၃ |
| ၄။ | ရုရှား | ၆၆၈၄၅၃၁ | ၅၉၆၃၀၅၄ | ၁၇၃၇၀၀ |
| ၅။ | ပြင်သစ် | ၆၅၃၃၃၈၃ | ၅၉၆၆၂၆၃ | ၁၁၂၉၇၆ |
| ၆။ | ဗြိတိန် | ၆၃၅၅၈၈၇ | ၄၉၂၃၈၉၂ | ၁၃၁၂၆၀ |
| ၇။ | တူရကီ | ၆၁၃၈၄၅၂ | ၅၆၅၁၈၁၉ | ၅၃၆၇၅ |
| ၈။ | အာဂျင်တီးနား | ၅၁၀၆၂၀၇ | ၄၇၇၄၇၆၀ | ၁၀၉၆၅၂ |
| ၉။ | ကိုလံဘီယာ | ၄၈၇၇၃၂၃ | ၄၇၀၂၄၇၈ | ၁၂၃၇၈၁ |
| ၁၀။ | စပိန် | ၄၇၄၅၅၅၈ | ၄၀၃၈၀၂၆ | ၈၂၈၈၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၉၃၀၃၀၀ | ၃၄၇၂၉၁၅ | ၁၂၂၆၃၃ |
| ၂။ | ဖိလစ်ပိုင် | ၁၇၉၁၀၀၃ | ၁၆၄၈၄၀၂ | ၃၀၈၈၁ |
| ၃။ | မလေးရှား | ၁၄၈၉၄၆၀ | ၁၂၂၀၄၄၆ | ၁၃၄၈၀ |
| ၄။ | ထိုင်း | ၉၈၉၈၅၉ | ၇၇၅၅၄၆ | ၈၅၈၆ |
| ၅။ | မြန်မာ | ၃၆၅၇၅၉ | ၂၈၆၇၇၅ | ၁၃၉၄၅ |
| ၆။ | ဗီယက်နမ် | ၃၁၂၆၁၁ | ၁၂၀၀၅၉ | ၇၁၅၀ |
| ၇။ | ကမ္ဘောဒီးယား | ၈၇၇၂၃ | ၈၃၂၉၈ | ၁၇၄၇ |
| ၈။ | စင်ကာပူ | ၆၆၃၆၆ | ၆၅၁၅၂ | ၄၆ |
| ၉။ | လာအို | ၁၁၃၁၃ | ၄၄၃၅ | ၉ |
| ၁၀။ | ဘရူနိုင်း | ၉၄၆ | ၃၃၈ | ၃ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိလွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၂၅ ခုမှ Favipiravir Tablets ၁၈၈၁ ခု၊ Test Kit ၆၇၆၀၊ LCD (Patient Monitor) ၃၀၊ Oximeter ၁၆၆၃ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၇၃၉ ခု၊ Oxygen Mask ၅၀၀၀၊ Oxygen Sensor ၃၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၅၄၇၀၅ ဒသမ ၆၉ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်)တွင် ကုမ္ပဏီ ၂၃ ခုမှ Oxygen Cylinder ၆၅၂၅ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၅၉၆ ခု၊ နှာခေါင်းစည်း ၆၅၅၃၈ ခု၊ Liquid Oxygen ၁၅၀၈၀ ဒသမ ၁ ကီလိုဂရမ်၊ Liquid Oxygen တန် ၂၀၊ Flow Meter ၆၃၀၀ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၆၈၅၀၊ Oxygen Mask ၁၅၀၀၊ Trolley ၃၅၀၊ Disposable Syringe ၂၂၁၆၀၊ မျက်နှာအကာ ၁၀၂ ကီလိုဂရမ်၊ Goggle ၂၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တိုးထုတ်၊ လျှော့စား အကျိုးစီးပွားများပြား

**ကိုရင်မောင်**

"ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ" ဟူသည့် ဆိုရိုးစကားသည် ကျွန်တော်တို့ဘိုးဘွားများလက်ထက်က အမှန်တကယ်ဖြစ်ခဲ့သည်ကို ဂုဏ်ပြုတင်စား ဆိုထားခြင်းဖြစ်ပါသည်။ ရာသီဥတုမှန်၊ သီးနှံလည်းအထွက်ကောင်းသဖြင့် အညာတစ်ခွင်တွင် ရာဝင်ဆီအိုးကြီးများ အစီအရီရှိကြသည်ကို ညွှန်းဆိုထားဟန်တူပါသည်။ နွေအခါ ရေကျသွားသည့် ချောင်းရိုးတစ်လျှောက်နှင့် ကုန်းစပ်စပ်မြေတွင် တောင်သူဦးကြီးတို့ မြန်မာ့ဆေးရွက်ကြီးများ စိုက်ကြသည်။ ကျေးရွာအုပ်စုတစ်ခုတွင်ပင် ဧက ၁၀၀ ထက်မက စိုက်ကြသည်။ ဒေသ၏ ဆေးတစ်ဧက အထွက်နှုန်းမှာ ပိဿာ ၁၀၀ ခန့်ဖြစ်သည်။

ရှေးအခါက ဗမာများသည် ဖက်ဆေးလိပ်ကို သောက်ကြသည်။ ဆေးရွက်ကြီး တစ်ခေတ်ဖြစ်သည်။ ဆေးအချိန် ၁၀၀ ပေါက်ဈေးမှာ ထိုစဉ်ကာလက ရွှေတစ်ကျပ်သားခန့် တန်ဖိုးနှင့် ညီမျှသည်။ ထို့အပြင် ဆေးခင်းအတွင်း ဆေးရွက်တွေ အလီလီ ခူးပြီး ကျန်ရစ်သည့် ဆေးရိုးများမှာလည်း တန်ဖိုးမသေးလှပေ။ ဆေးအချိန် ၁၀၀ ထွက်တိုင်း ဆေးရိုး ၅၅ ပိဿာ ရနိုင်သည်။ ဆေးရိုးပေါက်ဈေးမှာ ဆေးအချိန် ၁၀၀ လျှင် ထိုကာလပေါက်ဈေး ရွှေတစ်မတ်သားခန့် တန်ဖိုးနှင့် ညီမျှသည်။ ထို့ကြောင့် ဆီ၊ ဆေးရွက်၊ စပါးတို့ အလျှံပယ် ပေါကြွယ်ဝပုံကို ညွှန်းဆိုခဲ့သည်။ ယခုချိန်မှာမူ ဆီကိုလည်း ရေမချိုးနိုင်၊ ဆေးရိုးကိုလည်း မီးမလှုံနိုင်၊ စပါးအထွက်လည်း လျော့လာ၍ ဆန်ဈေးမှာ မြင့်လာသည်။

## တစ်ချိန်တစ်ခါက

ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်းကို အဓိကစိုက်ပျိုးသောကြောင့် မကွေးတိုင်းဒေသကြီးကို "မြန်မာနိုင်ငံ၏ ဆီအိုးကြီး"ဟု တင်စားခေါ်ဝေါ်လေ့ရှိကြသည်။ ထိုတင်စားခေါ်ဝေါ်မှုကို လှစ်ဟကြည့်သော် မြေပဲနှင့် နှမ်းသာမက ကြက်သွန်၊ အာလူးပါ စိုက်လေ့ရှိသော အညာတောင်သူများသည် နိုင်ငံ့ဆီအိုးကြီးကို ဖြည့်ခတ်ပေးခဲ့ကြသူများမှန်ပါသည်။ ထိုစဉ်ကာလ ရေမြေ၊ ဥတု၊ သဘာဝနှင့် နိုင်ငံ့လူဦးရေမှာ လျော်ကန်သင့်မြတ်ခဲ့ပါသည်။ တစ်ချိန်က အညာဒေသတွင် စီမံကိန်းဝင်သီးနှံဖြစ်သော ချည်မျှင်ရှည်ဝါကို ပထမဦးစားပေးစိုက်ကြသည်။ နောက်မှ တောင်သူစိတ်ကြိုက် သီးနှံကို သီးထပ်အဖြစ် စိုက်သည်။ သီးထပ်သီးနှံကား မြေပဲဖြစ်၏။ မြေပိုင်ယာပိုင်မရှိသော တောင်သူမှာ အနည်းဆုံး မြေတစ်ဧကလောက်တော့ ပိုင်သည်။ ထိုမြေတစ်ဧကတွင် ဝါပြီး မြေပဲ၊ မြေပဲပြီး အခြားသင့်ရာတစ်ခုခုစိုက်နှင့် သံသရာလည်သည်။ မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ စီးပွားရေးဘဝမှာ စိုက်ပျိုးရေးပင်ဖြစ်သည်။

အညာတောင်သူတို့စိုက်သော မြေပဲမှာ ပင်ထောင်မြေပဲဖြစ်၏။ အဆန်ပန်းရောင်မှာ အကောင်းဆုံးဖြစ်သည်။ တစ်ဧကအတွက် မျိုးမြေပဲ ရှစ်တင်း ဝယ်ရသည်။ လုံမပျို ရှစ်ယောက်အား နေ့တွက်စရိတ်ပေး၍ မြေပဲခွံချွတ်ရသည်။ မျိုးမြေပဲ ရှစ်တင်းတွင် မျိုးချရန် နှစ်တင်းသာရသည်။ ဤအချိန်တွင် စိုက်ပျိုးရန် မြေပြင်ရသည်။ မြေအစိုဓာတ်လေးရှိနေစဉ် ထယ်ထိုးပေးရသည်။ ထယ်စာခဲများကို ဒလိမ့်တုံးဖြင့် နာနာချေရသည်။ စိုက်ခင်းတွင် အမှိုက်သရိုက် ကင်းအောင်လည်း ဂရုစိုက်ရသည်။ ထို့နောက် မြေအစို အခြောက်ကို ကြည့်၍ စိုက်သမ သုံးဦးဖြင့် အကွာအဝေး တစ်တောင်ခန့်ခြားကာ တန်းစီစိုက်ရသည်။ ကြားလိုက်၊ ပေါင်းလိုက်၊ မြေဆွ၊ ပေါင်းဖော် စသည့် အလုပ်များကိုလည်း လိုအပ်သလိုပြုပြင်ရသည်။

## သီးထပ်သီးညှပ်စိုက်

စိုက်ရက် သုံးပတ်ကျော်သောအခါ မြေပဲပန်းများ ဝေဝေဆာဆာပွင့်သည်။ မကြာမီ မြေပဲသီးတော့မည်။ ဆွယ်လေးတွေလည်း ထွက်ကြတော့မည်။ ထိုအခါ တောင်သူအဖို့ စိတ်ချသွားပြီး အခြားဥယျာဉ်သီးနှံဘက် ဦးလှည့်ရပြန်သည်။ ယခင်က မြေပဲသိမ်းချိန်တွင် တင်း ၄၀ ရသည်။ တင်း ၄၀ ရသော်လည်း ပဲသိမ်းခစရိတ်မှာ မသေးလှပါ။ သို့သော် မြေပဲဈေးကောင်းလျှင် တွက်ခြေကိုက်သည်။ မြေပဲတစ်ဧက အထွက်ရငွေတွင် ကုန်ကျစရိတ်မှာ တစ်ဝက်ရှိသည်။ မြေပဲဈေးမကောင်း၊ ရာသီဥတုဖောက်လျှင် အရှုံးပေါ်တော့သည်။ ထို့ကြောင့် သီးထပ်သီးညှပ် အပိုစိုက်ကြသည်။ ဝါအပြီး ကြက်သွန်ဖြူစိုက်ကြသည်။ အညာတွင် ချည်မျှင်ရှည်ဝါ တစ်ဧကေ ပိဿာ ၇၀၀ ထွက်လျှင် မော်ကြွားနိုင်တော့သည်။ ဝါပိဿာ ၇၀၀ ထွက်အောင်လည်း နွားအရှည်းများစွာဖြင့် ထွန်ယက်ရသဖြင့် ကုန်ကျစရိတ်များသည်။ ယခုအခါ ထွန်စက်ဖြင့် ထွန်ယက်ရ၍ ကုန်ကျစရိတ်နည်းသွားသည်။

နွေလကုန်၍ မိုးဦးကျသည်နှင့် နွေအခါက ပြုပြင်ထားသော ထယ်ရေးပေါ်တွင် သီးနှံပက်ကြဲနိုင်ရန် မိုးထယ်ရေးကို ထပ်မံပြင်ဆင်ကြရသည်။ ရာသီပေါ်ချိန်တွင် ပဲဈေး၊ နှမ်းဈေး အေးလေ့ရှိပြီး မိုးဦးကျ၍ စိုက်ပျိုးချိန်ရောက်သည်နှင့် မျိုးစေ့မျိုးဆန်ဖိုး ကြီးမြင့်တတ်သည်။ ဆီထွက်သီးနှံစိုက်ရေးတွင် မျိုးပဲဆန်ကို ဦးစွာရင်းနှီးရသည်။ ခေတ်ကာလ ပြောင်းလဲလာသည်နှင့် မျိုးပဲဆန်ဈေးမှာ တရိပ်ရိပ်တက်လာသည်။ ယခုမိုးဦးကျအချိန်က မျိုးပဲဆန် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ကျော်ဈေးရှိခဲ့ပြီး ပဲပေါ်ချိန်တွင် မြေပဲအတောင့် တစ်တင်းလျှင် ငွေကျပ် ၇၀၀၀ ဝန်းကျင်သာ ဈေးရှိ၍ တွက်ခြေမကိုက်လှပေ။ မြေပဲတောင့် တစ်တင်းလျှင် အဆန်သုံးပြည်ခွဲခန့်သာ ထွက်လေ့ရှိသဖြင့် ရှေးကလိုတင်း ၄၀ ထွက်အောင် ကြိုးစားရတော့သည်။ ဘယ်အချိန် ရွာမည်မှန်းမသိ၊ ဘယ်အချိန်ခွာမည်မှန်းမသိသည့် မိုးကိုမျှော်၍ စိုက်ကြရသော အညာတောင်သူတို့ဘဝမှာ ဥတုရာသီ၏ စီရင်ချက်ချခြင်းကို ခံစားနေရသည်။

## ယနေ့ဆီထွက်သီးနှံ

မြေပဲနှင့် နှမ်းမှာ မိုးတွင်းတွင်သာ စိုက်ပျိုးရလေ့ရှိသော်လည်း မိုးများသည်ကို မကြိုက်သဖြင့် အညာဒေသနှင့် သင့်လျော်ပါသည်။ နှမ်းများမှာ အပင်ပေါက်စအရွယ်တွင် မိုးများလျှင် အပင်နာတတ်သည့် အလေ့ရှိပြီး အပင်ဖြစ်၍ အပွင့်မြိုင်ချိန်တွင် မိုးများလျှင်လည်း သီးလုံးမထည့်နိုင်ဘဲ ပိုကုန်တတ်ပြန်သည်။ ယခုနှစ်တွင် မိုးများသောကြောင့် နှမ်းထွက်နှုန်း လျော့ကျခဲ့သည်။ သို့သော် မိုးဦးမကျမီက ကြိုကြဲလေ့ရှိသော မကွေးတိုင်းဒေသကြီး တစ်ခွင်တွင် တစ်ဧကေ နှမ်းတင်း ၃၀ ခန့်အထိ ထွက်အားကောင်းခဲ့သည်။ မိုးဦးနှမ်းထွက်နှုန်း လျော့စေခဲ့သော မိုးများမှုက ပင်ပြန့်မြေပဲများ အလားအလာကောင်းမည်ဟု မျှော်လင့်သော်လည်း မိုးနှောင်းကာလတွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းမိုးများကြောင့် ဥမဆင်းနိုင်သည့် အဖြစ်မျိုးနှင့်လည်းကြုံတတ်သည်။ မိုးဦးကျသည်နှင့် ကြဲခဲ့သော မြေပဲခင်းများ ဥဆင်းချိန် မိုးများသော်လည်း ထွက်နှုန်းသင့်သည်။ နောက်ကျ၍ကြဲခဲ့ရသော မြေပဲခင်းများမှာ ထွက်နှုန်းလျော့သည်။ နှစ်စဉ်ပုံမှန်ထွက်နှုန်းမှာ မျိုးမြေပဲဆန် တစ်တင်းကြဲလျှင် အတောင့်တင်း ၃၀ ဝန်းကျင်ရှိသော်လည်း ရာသီဥတုမမျှော်မှန်းနိုင်မှုကြောင့် အထွက်လျော့ကျခဲ့သည်။

တောင်သူများအတွက် စိုက်ရေးပျိုးရေးမှာ မြေရှိရုံနှင့်မပြီးပေ။ ရာသီဥတုလည်း ကြည့်ရ၊ ရင်းနှီးမြှုပ်နှံမှုလည်းပြုရသည်။ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာဖိုး၊ လုပ်သားခ၊ မျိုးဆန်ဖိုး အပါအဝင် မြေပဲဆန် တစ်တင်းကြဲရန်အတွက် အရင်းအနှီး ငွေကျပ် တစ်သိန်းအထက်ရှိသည်။ မျိုးမြေပဲဆန် တစ်တင်းကြဲမှ မြေပဲတောင့် တစ်တင်း ငွေကျပ် ၇၀၀၀ ကျော် ဈေးသာရလျှင် ရှေးကကဲ့သို့ တင်း ၄၀ ရအောင် ဝိုင်းဝန်းကြံစည် ကူညီဆောင်ရွက်ပေးကြရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဆီအရေးသည် တိုင်းပြည်အရေးဖြစ်နေသည်။ လက်ငင်းဆီစားသုံးမှု မြင့်တက်လာမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများမှာ ပြည်သူများ မသိမသာနှင့် သိသိသာသာ ခံစားနေကြရသည်။ ပြည်တွင်းဆီ အထွက်လျော့၍ ပြည်ပဆီတင်သွင်းနေရသောကြောင့် ငွေကုန်ကြေးကျများလှပြီ။ ဆီထွက်သီးနှံလည်း တိုးစိုက်၊ ဆီစားသုံးမှုကိုလည်းလျှော့ချမှ တန်ကာကျပေလိမ့်မည်။

## ပြည်ပဆီအားကိုး

ဆီကို ရေချိုးနိုင်ဖို့ အိပ်မက်ကြီးတစ်ခု ၁၉၉၉ ခုနှစ်ခန့်က မက်ခဲ့ဖူးသည်။ တနင်္သာရီတိုင်းဒေသကြီးသည် ဆီအုန်းစိုက်ပျိုးမှု အထူးကောင်းမွန်၍ မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်ဟု ဆိုခဲ့ကြသည်။ ယခင်သမ္မတကြီး ဦးသိန်းစိန်လက်ထက် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် သတင်းလွှာအမှတ်စဉ်(၈)၌ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြချက်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းကုမ္ပဏီများ၏ မြေရယူထားရှိမှုနှင့် စိုက်ပျိုးထားမှုအခြေအနေများကို သိရသည်။ ဆီအုန်းအိပ်မက်သည် ၂၀၀၀ ပြည့်နှစ်လောက်တွင် စတင်လာခဲ့သည်။ ဆီအုန်းစိုက်ခင်းကြီးများတွင် အလုပ်လုပ်လိုသူများအား ခရီးစရိတ် အခမဲ့ပို့ဆောင်ပေးကြောင်း၊ နေစရာအိမ်၊ ဆေးရုံ၊ ကျောင်း၊ ဈေးများပါ စီစဉ်ထားကြောင်း၊ ထိုခေတ်ကာလ လုပ်အားခ တစ်ရက် ငွေကျပ် ၁၀၀၀ ရကြောင်း ကြားသိခဲ့ရဖူးသည်။ သို့သော် ဆီအိုးကြီးအိပ်မက်မှာ လက်တွေ့ ဖြစ်မလာဘဲ တနင်္သာရီဒေသနေအိမ်များ၏ မီးဖိုချောင်တို့တွင် ထိုင်းနိုင်ငံထုတ် ဆီဘူးများသာ မင်းမူနေတော့သည်။

မြန်မာနိုင်ငံသည် တစ်ချိန်က အရှေ့တောင်အာရှ၏ ဆီအိုးကြီး၊ အာရှ၏ ဆန်အိုးကြီးအဖြစ် အသိအမှတ်ပြု တင်စားခေါ်ဝေါ်ခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နည်းပညာခေတ်နောက်ကျမှု၊ ရာသီဥတုပြောင်းလဲမှုများနှင့်အတူ ဆီထုတ်လုပ်မှုကျဆင်းလာပြီး နိုင်ငံသားများသုံးစွဲမှုမြင့်မားလာသောကြောင့် စားသုံးဆီကို ပြည်ပမှ တင်သွင်းလာရသည်။ ပြည်ပမှ မှာယူတင်သွင်းရာတွင် ဈေးကွက်၌ ဈေးနှုန်းသက်သာသည့်စားအုန်းဆီကို အမြောက်အမြား တင်သွင်းသောကြောင့် စားသုံးသူများ ကျန်းမာရေးကို ထိခိုက်လာသည့်အပြင် ပြည်တွင်း စားသုံးဆီထုတ်လုပ်သူများ ဈေးကွက်ဝေစု နည်းပါးလာသည်။ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းလာမှုတို့ကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရသည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။

## ဆီစားသုံးမှုပိုများ

၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဆီစားသုံးမှုနှုန်းမှာ နှစ်စဉ် တန်ချိန် ၁ ဒသမ ၁ သန်း ခန့်ရှိသည်။ ပြည်ပမှ စားသုံးဆီတန်ချိန် ၇၀၀၀၀ ခန့် လစဉ်တင်သွင်းနေရသည်ဟု **စာမျက်နှာ ၁၀ သို့** »»

**လက်ရှိတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၇၅ ရာခိုင်နှုန်းကျော်သည် စားအုန်းဆီ သို့မဟုတ် စားအုန်းဆီရောသည့် ဆီစားသုံးမှုရှိနေသည်။ ပြည့်ဝဆီ၏သဘောမှာ ခန္ဓာကိုယ်ထဲ၌ အနည်ကျမည်၊ မပျော်လွယ်။ သွေးကြောထဲ၌ အနည်ကျမည်၊ သွေးကြောကို ကျဉ်းမြောင်းစေသည်။ အသည်းမှအဆီကို ဖျက်ရသည့်တာဝန်ရှိသည်။ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို အသည်းက ချေဖျက်နိုင်သော်လည်း စားအုန်းဆီကို လွယ်ကူစွာ မချေဖျက်နိုင်ပေ။ ထို့ကြောင့် အသည်းတွင် အဆီဖုံးခြင်း၊ သွေးကြောနံရံများ၌ အဆီကပ်ပြီး သွေးကြောကျဉ်းစေသည်။ ယင်းသည် ပြည့်ဝဆီ၏ သဘာဝဖြစ်သည်။ အရည်အသွေးမမီသည့် မြေပဲဆီတွင် မှိုရှိတတ်သည်။ အရည်အသွေးမီသည့် မြေပဲဆီသည် အနံ့၊ အရသာကောင်းပြီး ပါအောက်ဆိုက်ဓာတ်၊ အက်စစ်ဓာတ်နိမ့်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည်။ ထို့ကြောင့် ဆီကြိုက်တတ်သော ကျွန်တော်တို့ ပြည်သူများ အနေဖြင့် ဆီနှင့်ပတ်သက်၍ သတိပြုသင့်**

**ကမ္ဘာတွင် အကောင်းဆုံး စားသုံးဆီငါးမျိုးတွင် မြန်မာနိုင်ငံမှ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ သုံးမျိုးပါဝင်ပြီး ယင်းတို့ကို ထုတ်လုပ်နိုင်သည့် အနေအထားရှိသည်ဟု ဆီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ၎င်းဆီသုံးမျိုးကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ကြပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်သည်။ ထိုအခြေအနေအိပ်မက်သာ ဖြစ်ရခြင်းသည် ဈေးသက်သာသော စားအုန်းဆီတင်သွင်းမှုကြောင့်ဟု သုံးသပ်ကြသည်။ လယ်ယာကဏ္ဍ၌ ဆီထွက်သီးနှံဖွံ့ဖြိုးမှု ဆုံးရှုံးခဲ့သည်။ ဆီစက်လုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ စားသုံးသူပြည်သူများ ဈေးသက်သာသော ပြည့်ဝဆီများ စားသုံးသည့်အတွက် ကျန်းမာရေးထိခိုက်ကြသည်။ ဆီစက်များ မလည်ပတ်နိုင်သည့်အတွက် တိရစ္ဆာန်အစားအစာ မထုတ်လုပ်နိုင်သဖြင့် အသားငါးဈေးနှုန်းကြီးမြင့်ခြင်းကို ဖြစ်စေသည်။ နိုင်ငံခြားငွေကုန်ကျမှုများ များနေသည်။ အလုပ်အကိုင်များ ဆုံးရှုံးစေသည်။**

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ(ကျိုက်ပိ)ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း(ပန္နရသမ)သာသနာပိုင်ဆရာတော် ဘဒ္ဒန္တဂုဏောသန ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဗောဓိလမ်း (၁၄)ရပ်ကွက် မဟာဓမ္မိကာရုံ(ကျိုက်ပိ) ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း(ပန္နရသမ) သာသနာပိုင်ဆရာတော် ဘဒ္ဒန္တဂုဏောသန(အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၂)နှစ် သိက္ခာတော်(၇၃)ဝါ အရ ၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက် (၁၉-၈-၂၀၂၁)ကြာသပတေးနေ့ နံနက် ၃ နာရီ ၅၃ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ မွန်းလွဲ ၃ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ကျင်းပခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဗောဓိလမ်း (၁၄)ရပ်ကွက် မဟာဓမ္မိကာရုံ(ကျိုက်ပိ)ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း(ပန္နရသမ)သာသနာပိုင်ဆရာတော် ဘဒ္ဒန္တဂုဏောသန (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် လေးအိမ်တန်းကျေးရွာတွင် ခမည်းတော် ဦးစိန်အုပ်၊ မယ်တော် ဒေါ်ကျင်ယုံတို့မှ ၁၂၉၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မဟာဗောချာရာမကျောင်း ဆရာတော်ဘဒ္ဒန္တအတုလဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးဖိုးတုတ်၊ အဘွားဒေါ်ဖွားဥတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မဟာဗောချာရာမကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တအတုလဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးဖိုးတုတ်၊ အဘွား ဒေါ်ဖွားဥတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**


ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မဟာဗောချာရာမကျောင်းဆရာတော် ဘဒ္ဒန္တအတုလဝံသ၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တပုညိန္ဒ၊ ဘဒ္ဒန္တဉာဏသာဂရ၊ ဘိုကလေးမြို့ ဓမ္မိကာရာမကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်တောရကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသူရိယ၊ မန္တလေးမြို့ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ၊ မိုးကောင်း ညောင်ရမ်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိက၊ ညောင်ကန်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝရ၊ ရွှေရေးဆောင်တိုက်ဆရာတော် စသောဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ ဒီဃနိကာယ ပါဠိပါရဂူဘွဲ့တို့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်သဒ္ဓမ္မဇောတိကာရာမ(ပါဠိတက္ကသိုလ်) တောင်ပေါ်စာသင်တိုက်နှင့် မဟာဓမ္မိကာရုံ(ကျိုက်ပိ) ပရိယတ္တိစာသင်တိုက်တို့၌ စာသင်သား ရဟန်း/ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သာသနာတော်၏အသက်ဖြစ်သော သိမ်ပေါင်း၂၀ ကျော်ကို သိမ်သမုတ်ပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ၁၉၈၀ ပြည့်နှစ်(ပထမအကြိမ်)မှ (စတုတ္ထအကြိမ်)ထိ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ စတုတ္ထအကြိမ်မှ ပဉ္စမအကြိမ်ထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်မှစ၍ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း (ပန္နရသမ) သာသနာပိုင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၃ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနမုရာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဏ္ဍနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်၊ ခမာဓာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၁ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ၂၀၁၆ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။



**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၂)နှစ် သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် (၁၉-၈-၂၀၂၁)ကြာသပတေးနေ့ နံနက်၃ နာရီ ၅၃ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ မွန်းလွဲ ၃ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ကျင်းပခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၉ မှ**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ထို့ကြောင့် ပြည်ပမှ စားသုံးဆီတန်ချိန် ၈၄၀၀၀၀ ခန့် နှစ်စဉ် တင်သွင်းနေရသည့် သဘောဖြစ်သည်။ ထိုကာလက ဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၁၆၅၀ ရှိသဖြင့် နှစ်စဉ် သန်းပေါင်း မြောက်မြားစွာ ငွေယိုပေါက်ဖြစ်နေသည်။ “မြန်မာနိုင်ငံမှာ စားသုံးဆီ စားသုံးမှုအနေနဲ့ တစ်နှစ်လုံးဆို တန်ချိန် တစ်သန်းလောက် စားတယ်။ တန်တစ်သန်းမှာ ၈၀ ရာခိုင်နှုန်း တန်ချိန် ရှစ်သိန်းက စားအုန်းဆီ၊ ကျန်တဲ့ နှစ်သိန်းက ပြည်တွင်းထုတ် မြေပဲဆီနဲ့ ပြည်ပက တင်သွင်းတဲ့ နေကြာဆီ၊ ပဲပုပ်ဆီ စားတယ်။ လူတစ်ယောက်ဟာ တစ်နှစ်ကို ၁၂ ကီလိုလောက် စားတယ်။ ခြောက်ပိဿာ၊ ခုနစ်ပိဿာလောက် စားတယ်။ တစ်လကို လူတစ်ယောက် ၆၀ ကျပ်သား သို့မဟုတ် ၇၅ ကျပ်သားလောက် စားသုံးမှုရှိနေပါတယ်”ဟု မြေပဲဆီထုတ်လုပ်သူ လုပ်ငန်းရှင်တစ်ဦး၏ ပြောပြမှုကို မှတ်သားရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၇၅ ရာခိုင်နှုန်းကျော်သည် စားအုန်းဆီ သို့မဟုတ် စားအုန်းဆီရောသည့် ဆီစားသုံးမှုရှိနေသည်။ ပြည့်ဝဆီ၏သဘောမှာ ခန္ဓာကိုယ်ထဲ၌ အနည်ကျမည်၊ မပျော်လွယ်။ သွေးကြောထဲ၌ အနည်ကျမည်၊ သွေးကြောကို ကျဉ်းမြောင်းစေသည်။ အသည်းမှ အဆီကို ဖျက်ရသည့် တာဝန်ရှိသည်။ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို အသည်းက ချေဖျက်နိုင်သော်လည်း စားအုန်းဆီကို လွယ်ကူစွာ မချေဖျက်နိုင်ပေ။ ထို့ကြောင့် အသည်းတွင် အဆီဖုံးခြင်း၊ သွေးကြောနံရံများ၌ အဆီကပ်ပြီး သွေးကြောကျဉ်းစေသည်။ ယင်းသည် ပြည့်ဝဆီ၏ သဘာဝဖြစ်သည်။ အရည်အသွေးမမီသည့် မြေပဲဆီတွင် မှိုရှိတတ်သည်။ အရည်အသွေးမီသည့် မြေပဲဆီသည် အနံ့အရသာကောင်းပြီး ပါအောက်ဆိုက်ဓာတ်၊ အက်စစ်ဓာတ် နိမ့်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည်။ ထို့ကြောင့် ဆီကြိုက်တတ်သော ကျွန်တော်တို့ပြည်သူများ အနေဖြင့် ဆီနှင့်ပတ်သက်၍ သတိပြုသင့်သည်။

**အမျိုးသားအကျိုးစီးပွား**

စားသုံးဆီဈေးကွက်ကို နိုင်ငံတော်မှ ခိုင်ခိုင်မာမာ အကာအကွယ်ပေးနိုင်လျှင် ပြည်တွင်း ဆီလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာနိုင်သည်။ ဆီထွက်သီးနှံ စိုက်ပျိုးရေးတွင် မျိုးထုတ်ပေးခြင်း၊ စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ သီးနှံပေါ်ချိန် ပြန်ဝယ်ပေးခြင်းစသည်တို့ကို နိုင်ငံတော်နှင့်အတူ လုပ်ငန်းရှင်များက ပံ့ပိုးကူညီနိုင်ကြသလို ဝိုင်းဝန်းဆောင်ရွက်ကြပါက ဆီအိုးကြီးဖြစ်လာနိုင်သည်။ ထိုသို့ဆောင်ရွက်နိုင်ပါက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာနိုင်ပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်များ တိုးပွားမည်။ ကျန်းမာရေးနှင့် ညီညွတ်သည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ထုတ်လုပ်လာနိုင်မည်။ ဆီစက်များ ဖွံ့ဖြိုးလာလျှင် ဘေးထွက်ပစ္စည်းများလည်း ထွက်လာမည်။ မြေပဲဖတ်၊ နှမ်းဖတ်များသည် သားငါး မွေးမြူရေး အစားအစာအတွက် ပံ့ပိုးနိုင်မည်ဖြစ်၍ သားငါးဈေးနှုန်းလည်း တည်ငြိမ်ကျဆင်းလာနိုင်သည်။ ထို့အပြင် စိုက်ပျိုးရေး၊ ဆီစက်နှင့် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာမည်ဖြစ်ရာ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

ကမ္ဘာတွင် အကောင်းဆုံး စားသုံးဆီငါးမျိုးတွင် မြန်မာနိုင်ငံမှ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ သုံးမျိုးပါဝင်ပြီး ယင်းတို့ကို ထုတ်လုပ်နိုင်သည့် အနေအထားရှိသည်ဟု ဆီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ၎င်းဆီ သုံးမျိုးကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ကြပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်သည်။ ထိုအခြေအနေ အိပ်မက်သာဖြစ်ရခြင်းသည် ဈေးသက်သာသော စားအုန်းဆီတင်သွင်းမှုကြောင့်ဟု သုံးသပ်ကြသည်။ လယ်ယာကဏ္ဍ၌ ဆီထွက်သီးနှံဖွံ့ဖြိုးမှု ဆုံးရှုံးခဲ့သည်။ ဆီစက်လုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ စားသုံးသူပြည်သူများ ဈေးသက်သာသော ပြည့်ဝဆီများ စားသုံးသည့်အတွက် ကျန်းမာရေး ထိခိုက်ကြသည်။ ဆီစက်များ မလည်ပတ်နိုင်သည့်အတွက် တိရစ္ဆာန် အစားအစာ မထုတ်လုပ်နိုင်သဖြင့် အသားငါးဈေးနှုန်းကြီးမြင့်ခြင်းကို ဖြစ်စေသည်။ နိုင်ငံခြားငွေ ကုန်ကျမှုများ များနေသည်။ အလုပ်အကိုင်များ ဆုံးရှုံးစေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးရေးသည် အဓိကအချက်ဖြစ်သည်။ ဆီထွက်သီးနှံစိုက်ပျိုးရေးသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ပေးခြင်းဖြစ်သည်။ တိုင်းပြည်အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြစ်သည်။ ယင်းကို စကြဖို့အတွက် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပြီးဖြစ်သည်။ ခိုင်မာသည့် စားသုံးဆီမူဝါဒကောင်းကို အမြန်ဆုံး အကောင်အထည်ဖော်ရေးအတွက် ဆီထွက်သီးနှံ များများစိုက်ရေး ဝိုင်းဝန်းကူညီပေးကာ ဆီစားသုံးမှုကို လျှော့ချပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားတိုးပွားလာမည် ဖြစ်ပါကြောင်း။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး **ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ပထမအကြိမ် မျိုးစပါး တင်း ၁၂၇၀ ထောက်ပံ့ပေးအပ်

**ဘားအံ ဩဂုတ် ၁၉**

ကရင်ပြည်နယ်အတွင်း ဇူလိုင်လကုန်ပိုင်းခန့်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ စိုက်ပျိုးပြီးမိုးစပါးကေအချို့ ရေလွှမ်းမိုးခဲ့ပြီး ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပထမအကြိမ် မျိုးစပါးတင်း ၁၂၇၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**မျိုးစပါးများ ထောက်ပံ့**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုကြောင့် လယ်ယာမြေဧက ၉၂၈၀ ခန့် ရေလွှမ်းမိုးခဲ့ပြီး ၄၆၅၆ ဧက ထိခိုက်မှုရှိခဲ့ကာ ၃၁၃၈ ဧကမှာ လုံးဝပျက်စီးသွားခဲ့ကြောင်း၊ ပျက်စီးသွားသည့်လယ်မြေဧကအတွက် မိုးစပါးပြန်လည်ပျိုးထောင်စိုက်ပျိုးနိုင်ရန် ယခုကဲ့သို့ မျိုးစပါးများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် နှင့်တာဝန်ရှိများက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများ အတွက် မျိုးစပါးများထောက်ပံ့ပေးအပ်ရာ ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ် မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှ တောင်သူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရွေ့လျားဈေးကားစနစ်ဖြင့် ဈေးရောင်းချနေမှုနှင့် အောက်ဆီဂျင်လိုအပ်ချက် ဖြည့်တင်းရေးဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီက အင်းစိန်မြို့နယ် ဖန်ချက်စက်လမ်းရှိ စံပြချမ်းမြေ့စည်ပင်အိမ်ရာဝင်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ကြီးကြပ်မှုဖြင့် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကုန်စိမ်းများ၊ မီးဖိုချောင်သုံးကုန်ခြောက်မျိုးစုံ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန လိုင်စင်စီများမှ အသားမျိုးစုံနှင့် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ ငါး/ပုစွန်အမျိုးမျိုးတို့ကို ရွေ့လျားဈေးကားစနစ်ဖြင့် ရောင်းချနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ကိုဗစ်ကုသရေးစင်တာတွင် မြန်မာသီဟကုမ္ပဏီက လှူဒါန်းထားသည့် တန် ၂၀ Liquid Oxygen Tank ကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ တပ်ဆင်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် ရေနံ့သာလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ရေနံ့သာမော်တော်ယာဉ်ဝင်းသို့ သွားရောက်ပြီး တစ်ရက်လျှင် လီတာ ၄၀ ဆံ့အောက်ဆီဂျင်အိုးအလုံး ၈၀ ဖြည့်ပေးနိုင်သည့် အောက်ဆီဂျင်စက် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဩဂုတ် ၁၉**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ဒစ်ဂျစ်တယ်ငွေပေးချေစနစ် စတင်တည်ထောင်

**ဗန်ကောက် ဩဂုတ် ၁၉**

ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် အီလက်ထရောနစ် ကုန်သွယ်မှုလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဒစ်ဂျစ်တယ်ငွေပေးချေစနစ် (QR payment)ကို စတင်တည်ထောင်လိုက်ကြောင်း ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်များက ယနေ့ ကြေညာလိုက်သည်။



ယခု ပထမဆုံးစတင်လိုက်သော အဆိုပါ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်အရ နှစ်နိုင်ငံစလုံးရှိ ကုန်သည်များနှင့် ကုန်ပစ္စည်းဝယ်ယူသုံးစွဲသူများအနေဖြင့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ငွေပေးချေရာတွင် ၎င်းစနစ်ကိုသာ လက်ခံအသုံးပြုသွားမည်ဖြစ်ကြောင်း ထိုင်းဗဟိုဘဏ်၏ဝက်ဘ်ဆိုက်တွင်ကြေညာချက်ထုတ်ပြန်သည်။ ယခု ဆောင်ရွက်ချက်သည် အာဆီယံနိုင်ငံအချင်းချင်း ငွေကြေးပေးဆောင်မှုဆိုင်ရာ သမိုင်းတွင်သည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပြီး ဒေသတွင်း နှစ်နိုင်ငံအကြား ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ ဗဟိုဘဏ်က ပြောကြားသည်။ ယခု ဆောင်ရွက်ချက်သည် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများအတွက် ကနဦးအဆင့် လုပ်ငန်းဆောင်ရွက်ချက်သာဖြစ်ပြီး လာမည့်နှစ်တွင် လုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒစ်ဂျစ်တယ်ငွေပေးချေစနစ်အရ ယခုဆောင်ရွက်မည့် ကနဦးအဆင့်တွင် အင်ဒိုနီးရှားနိုင်ငံမှ ကုန်ပစ္စည်းဝယ်ယူသူများအနေဖြင့် မိမိတို့၏ မိုဘိုင်းဖုန်းမှတစ်ဆင့် ဒီဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ ကုဒ်နံပါတ်ကိုရယူပြီး ထိုင်းနိုင်ငံမှ ကုန်သည်များထံသို့ ငွေပေးချေမှုကို ဆောင်ရွက်နိုင်ပြီး အပြန်အလှန်အနေဖြင့် ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းဝယ်ယူသူများအနေဖြင့်လည်း မိမိတို့၏ မိုဘိုင်းဖုန်းမှတစ်ဆင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုဆိုင်ရာကုဒ်နံပါတ်ကိုရယူပြီး အင်ဒိုနီးရှားနိုင်ငံမှ ကုန်သည်များထံသို့ ငွေပေးချေနိုင်ကြောင်း သိရသည်။

အဆိုပါ ဒစ်ဂျစ်တယ်ငွေပေးချေစနစ်ကို ၂၀၂၂ ခုနှစ် ပထမလေးလတွင် ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ် ဇွန်လအတွင်းက မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရှိ ဗဟိုဘဏ်များသည် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ် ကုန်သွယ်မှုလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဒစ်ဂျစ်တယ်ငွေပေးချေစနစ် (QR payment) ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၉၄၈ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၉**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၉၄၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၄၈၉၄၆၀ ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူများအနက် ကိုးဦးသည် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၂၉၃၉ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူရာစ်ဟာမ်အဗ်ဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလားတူ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၇၈ ဦး ထပ်မံသေဆုံးခဲ့ရာ လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၁၃၄၈၀ ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၁၇၂၀ ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၂၂၀၄၄၆ ဦး (ရောဂါကူးစက်ခံရသူအားလုံး၏ ၈၁ ဒသမ ၉ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

လက်ရှိပိုးတွေ့ဆဲလူနာ ၂၅၅၃၄ ဦးရှိပြီး ၁၀၆၀ သည် အထူးကြပ်မတ် ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိရာ ယင်းတို့အနက် ၅၂၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၄၀၁ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၁၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၄၀၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၂၃၃၂၂၅၈ ဦးအထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၅၃၀ ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၃၀၄၉ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၃၆၄၁၂၉ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၃၉၁၅၇ ဦးရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၁၅၂၅၀၈၀ ရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၆၅၄ ထပ်မံတွေ့ရှိ

**ဟန္နိုင်း ဩဂုတ် ၁၉**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၆၅၄ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင်အများဆုံးတွေ့ရှိခြင်းဖြစ်သည်။

ဩဂုတ် ၁၄ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၉၇၁၆ ဦး တွေ့ရှိကာ နေ့စဉ် ကူးစက်မှုအရေအတွက် အများဆုံးစံချိန်တင်ခဲ့သည်။

ရောဂါကူးစက်မှု ထပ်မံတွေ့ရှိသူများအနက် ၁၀၆၃၉ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၅ ဦးသည် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၇၁၅၀ ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၁၁၂၆၁၁ ဦးရှိလာသည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏ တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်စီးတီး၌ ၄၄၂၅ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၃၂၅၅ ဦးနှင့် ဒွန်နိုင်ခရိုင်၌ ၆၅၇ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၇၇၀ ရှိပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၅၀၀၀ ရောဂါမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၂၀၀၅၉ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၅ ဒသမ ၅ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဩစတြေးလျလေကြောင်းလိုင်းကွန်တက်စ်မှ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရမည်

**ဆစ်ဒနီ ဩဂုတ် ၁၉**

ဩစတြေးလျလေကြောင်းလိုင်းကွန်တက်စ်ဝန်ထမ်း ၂၂၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရန် ညွှန်ကြားခဲ့ကြောင်း အဆိုပါကုမ္ပဏီက ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ အပြည့်အဝထိုးနှံထားသောဝန်ထမ်းများဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ လေကြောင်းလိုင်းကို လိုက်ပါစီးနင်းသော ခရီးသည်များအား ကျန်းမာရေးဆိုင်ရာ အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက ပြောကြားသည်။

ယခုကဲ့သို့သော ပြောကြားချက်သည် ဩစတြေးလျနိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံအတွင်းရှိ နယူးဆောက်ဝေးလ်ပြည်နယ်တွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်နေသောကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ချမှတ်ထားဆဲဖြစ်သည်။

နိုင်ငံသားများအနေဖြင့် မိမိတို့နေအိမ်တွင်သာ နေထိုင်ခြင်းအပါအဝင် ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပြီး အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ငွေရေးကြေးရေး အကျပ်အတည်းရင်ဆိုင်နေရသော ကုမ္ပဏီများနှင့် လုပ်ငန်းများအား ငွေကြေးအထောက်အပံ့ပေးအပ်သွားရန် ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က တိုက်တွန်းပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

■



## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၀၀၀ စံချိန်တင်တွေ့ရှိ

**တိုကျို ဩဂုတ် ၁၉**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၀၀၀ ကျော် စံချိန်တင်တွေ့ရှိကြောင်း သိရသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် မြို့တော်တိုကျို၌ ၅၅၃၄ ဦးတွေ့ရှိရခြင်းဖြစ်သည်။ တိုကျိုမြို့၌ နေ့စဉ်ကူးစက်မှုအရေအတွက် ၅၀၀၀ ကျော်တွေ့ရှိသည်မှာ နှစ်ရက်ဆက်တိုက်ရှိခဲ့ပြီဖြစ်သည်။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း တိုကျိုမြို့၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းမှာ ယင်းမတိုင်မီ သီတင်းပတ်ကထက် ၂၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၉၁၈ ဦးတွေ့ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် နေ့စဉ်ကူးစက်မှုစံချိန်တင်ခဲ့သည့် အရေအတွက် ၂၃၀၀၀ ကို ကျော်လွန်သွားခဲ့သည်။

ဂျပန်နိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၉၁၈ ဦး တွေ့ရှိခဲ့ပြီး ယခင်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု စံချိန်တင်ခဲ့သည့် ၂၃၀၀၀ ကို ကျော်လွန်သွားကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ယမန်နေ့က ရောဂါပြင်းထန်သည့် ကိုဗစ်-၁၉ လူနာ ၁၇၁၁၆ ဦးရှိပြီး ရောဂါပြင်းထန်သည့် ကိုဗစ်-၁၉ ရောဂါလူနာအရေအတွက် ခြောက်ရက်ဆက်တိုက် မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးရန် နေရာများ မလုံလောက်သေးသည့်အတွက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ခုတ်ခွဲအတည်ပြုလူနာသစ်ဦးရေသည် အစိုးရကတရားဝင်ထုတ်ပြန်ထားသည့် ရောဂါကူးစက်ခံရသူဦးရေထက် ပင်လျှင် ပိုမိုများပြားနိုင်ကြောင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဂျပန်နိုင်ငံ၏ ထိပ်တန်းအကြံပေးပုဂ္ဂိုလ် ရှီဂျရူအိုမီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



## ဖိလစ်ပိုင်နိုင်ငံ၌ ၁၄၈၉၅ ဦး ရောဂါထပ်မံကူးစက်ခံရ

**မနီလာ ဩဂုတ် ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၈၉၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၉၁၀၀၃ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါကူးစက်ခံရသူအရေအတွက်သည် နိုင်ငံအတွင်း ရောဂါကူးစက်မှု စတင်သည့်အချိန်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။

ဧပြီ ၂ ရက်တွင် ရောဂါကူးစက်မှုအရေအတွက် ၁၅၃၁၀ တွေ့ရှိရပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၅၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၈၈၁ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၂၄၈ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၆၄၈၄၀၂ ဦး ရှိလာပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၆ ဒသမ ၅ သန်းကျော်အား ရောဂါရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၉၄၄ ဦး ထပ်မံတွေ့ရှိ

**အန်ကာရာ ဩဂုတ် ၁၉**

တူရကီနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၉၄၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၁၃၈၄၅၂ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၆၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံး သူပေါင်း ၅၃၆၇၅ ဦး ရှိလာပြီဖြစ်သည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီ အတွင်း ကိုဗစ်လူနာ ၁၅၅၃၇ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးကို အသုံးပြုလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၄၅ ဒသမ ၀၂ သန်းကျော်သည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်၍ ပြည်သူ ၃၄ ဒသမ ၁၂ သန်းကျော်သည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၀၁ ဦး ထပ်မံသေဆုံး

**ဗန်ကောက် ဩဂုတ် ၁၉**

ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၀၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၅၈၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။



အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၉၀၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၈၉၈၅၉ ဦးရှိလာပြီဖြစ်သည်။

ထိုင်းနိုင်ငံသည် ဧပြီလအစောပိုင်းမှစပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားခြင်းနှင့် ရင်ဆိုင်နေရသည်။ မြို့တော်ဗန်ကောက်၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၃၉၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ထိုင်းအစိုးရသည် ခရီးသွားလာမှုကန့်သတ်ချက်များအပါအဝင် ကျန်းမာရေးစည်းမျဉ်းများ တင်းကျပ်စွာ ချမှတ်ထားသည့်အတွက် ရောဂါကူးစက်မှုနှုန်းများသည် ယခုလကုန်ပိုင်းတွင် ကျဆင်းလာနိုင်ဖွယ်ရှိကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှု ကျဆင်းလာမည်ဆိုပါက လာမည့်လအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ငန်းဆောင်ရွက်ခွင့် ပြုမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဆိုသည်။

ရောဂါကူးစက်မှု မြင့်မားလျက်ရှိသည့် မြို့တော်ဗန်ကောက်အပါအဝင် အခြားသောဒေသ ၂၈ ခု၌ ခရီးသွားလာမှု ပိတ်ပင်ကန့်သတ်ချက်များ ချမှတ်ထားသည့်အပြင် ညမထွက်ရအမိန့်ကိုလည်း ယခုလကုန်ပိုင်းအထိ သက်တမ်းတိုးမြှင့်ထားသည်။

ပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူနိုင်ရေး ကာကွယ်ဆေးများ လုံလောက်စွာရရှိရေးအတွက် ထိုင်းအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။

လက်ရှိအချိန်အထိ ပြည်သူ ၂၅ သန်းကျော်သည် ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ကင်ညာနိုင်ငံ၌ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအားသုံးစွဲရန် အတည်ပြု

**နိုင်ရိုဘီ ဩဂုတ် ၁၉**

ကင်ညာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန်အတွက် တရုတ်နိုင်ငံမှ ထုတ်လုပ်သော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်းသုံးစွဲရန် အတည်ပြုလိုက်ကြောင်း ကင်ညာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အကြီးအကဲ ဝီလီအက်ဝါလီက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်းလက်ရှိဆောင်ရွက်နေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်သုံးစွဲရန် အတည်ပြုသော စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သုံးစွဲရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးဝါးအရည်အသွေးပြည့်မီကြောင်း ထောက်ခံချက်ပြုထားသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ အစွမ်းထက်ထိရောက်မှုအပေါ်တွင် ယုံကြည်စိတ်ချမှုရှိသဖြင့် ကင်ညာနိုင်ငံအတွင်းသုံးစွဲရန် အတည်ပြုခြင်းဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံအနေဖြင့် ယခုနှစ်ကုန်တွင် နိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူဦးရေ၏ ၁၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း ယမန်နေ့အထိ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၂၂၄၄၀၀ ရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူဦးရေ ၄၄၀၄ ဦးရှိသည်။ နိုင်ငံအတွင်း အရွယ်ရောက်ပြီးသူဦးရေ၏ ၂ ဒသမ ၈ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်အရေအတွက် အပြည့်အဝ ခံယူပြီး ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၁၀၂၉၆၆၇၉ ဦး |
| သေဆုံးသူ | ၄၄၀၉၅၃၈ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၈၈၃၉၁၁၀၈ ဦး |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား နှောင့်ယှက်တိုက်ခိုက်နေကြသော အကြမ်းဖက်သမားများ ဖမ်းဆီးရမိရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးပါရန် မိဘပြည်သူများသို့ တိုက်တွန်းနှိုးဆော်ချက်

မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ (တတိယလှိုင်း) ကူးစက်နှုန်း မြင့်မားနေချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထုနှင့်ပူးပေါင်းပြီး ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား ဘက်ပေါင်းစုံမှ အစွမ်းကုန် ဆောင်ရွက်လျက်ရှိပါသည်။ မိဘပြည်သူများအနေဖြင့်လည်း ကိုဗစ်ရောဂါ အန္တရာယ်အတွက် စိုးရိမ်ပူပန်နေကြရသလို ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါအား တက်ကြွစွာ ပူးပေါင်းကာကွယ်တိုက်ဖျက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်နေစဉ်တွင် နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် NUG အဖွဲ့နှင့် ၎င်းတို့ကို ထောက်ခံသော အစွန်းရောက် NLD ပါတီဝင်များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အမည်ခံ အဖျက်သမားများသည် အစိုးရယန္တရားများ ရပ်ဆိုင်းစေရေးအတွက် အရပ်ဘက်ပစ်မှတ်များဖြစ်သည့် စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ အုပ်ချုပ်ရေးမှူးများ၊ အခြားပါတီဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသည်။

ယခုအခါအဆိုပါ အကြမ်းဖက်အဖွဲ့များက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အပြစ်မဲ့ပြည်သူလူထုကိုထိခိုက်နစ်နာစေမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား အောက်ဖော်ပြပါအတိုင်း အကြမ်းဖက် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြပါသည်-

(က) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်နေရာများနှင့် ကာကွယ်ဆေးလာရောက်ထိုးနှံသည့် အပြစ်မဲ့ပြည်သူများအား ဗုံးခွဲတိုက်ခိုက်ခြင်း။

( ခ ) ကိုဗစ်ရောဂါစစ်ဆေးရေးဂိတ်များအား ဗုံးခွဲတိုက်ခိုက်ခြင်း။

( ဂ ) ကိုဗစ်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်များအား ဗုံးခွဲတိုက်ခိုက်ခြင်း။

(ဃ) မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံရှိအောက်ဆီဂျင်ပိုက်လိုင်းများအား ဖျက်ဆီးခြင်း။

( င ) ကာကွယ်ဆေးထိုးနှံပြီး ပြန်လာသူများအား လမ်းမှစောင့်၍ လုပ်ကြံသတ်ဖြတ်ခြင်း။

( စ ) ကိုဗစ်ကာကွယ်ရေးပစ္စည်းများ ဖြန့်ဝေပေးနေသည့် ပရဟိတအဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်း။

(ဆ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင် ဆောင်ရွက်နေသူ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း။

(ဇ) ပရဟိတအယောင်ဆောင်၍ PPE ဝတ်စုံဝတ်ဆင်ပြီး အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်ခြင်း။

၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍာ ပြိုလဲပျက်စီးစေရန် ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိပြီး မိဘပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးနှင့် မိသားစုဘဝလုံခြုံရေးအတွက် အလွန်အန္တရာယ်ကြီးမားသည့် လုပ်ရပ်များဖြစ်ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကို နိုင်ငံရေးလက်နက်သဖွယ် အသုံးချပြီး ရောဂါပျံ့နှံ့စေရန် ရည်ရွယ်ချက်ဖြင့် ပိုးဖြန့်သပိတ်များ လူစုလူဝေးဖြင့် ဆင်နွှဲခြင်း၊ ရောဂါပိုးရှိပြီးသူများနှင့် ထိတွေ့မှုဖြစ်စေခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးနှင့် ပတ်သက်သည့်သတင်းအမှားများ ထုတ်လွှင့်ခြင်းများကို ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။

အထက်ပါ အဆင်အခြင်မဲ့ ဆောင်ရွက်ချက်များ အားလုံးသည် ကိုဗစ်ရောဂါပိုး ကူးစက်မှုထိန်းချုပ်ရေးလုပ်ငန်းများကို ထိခိုက်ပျက်စီးစေနိုင်သည့် ဇီဝနည်းအရ အကြမ်းဖက်မှု Bioterrorism ကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ကျူးလွန်ခြင်းဖြစ်ပြီး မည်သည့်နိုင်ငံတကာအသိုက်အဝန်းနှင့် အဖွဲ့အစည်းများကမှ လက်မခံနိုင်သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထုအကျိုးစီးပွား၊ အသက်အိုးအိမ်ကို တိုက်ရိုက်ခြိမ်းခြောက်နေသည့် အကြမ်းဖက်လုပ်ရပ်များအားလုံး ရပ်တန့်စေရေးအတွက် ပြစ်မှုကျူးလွန်ထားသည့် အကြမ်းဖက်သမားများ၊ နောက်ကွယ်မှ စီစဉ်ကြိုးကိုင်ဆောင်ရွက်နေသူများနှင့် အားပေးအားမြှောက် ပြုလုပ်နေသူများအား ၎င်းတို့ ကျူးလွန်ထားသည့် ပြစ်မှုများအလိုက် သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်လှစ်ထားရှိပြီး အရေးယူအပြစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် နိုင်ငံတကာမှ ဆန့်ကျင်ရှုတ်ချတားဆီးပေးနိုင်ရေးအတွက်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများ၊ သံတမန်နည်းလမ်းများနှင့်အညီ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အောက်ပါနိုင်ငံတကာအဖွဲ့အစည်းများနှင့် ရုံးဌာနများသို့ အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိ ပြည်ပသံရုံးများ။

( ခ ) မြန်မာနိုင်ငံရှိ နိုင်ငံတကာအဖွဲ့အစည်းများ။

( ဂ ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး အမှုဆောင်အရာရှိချုပ်ရုံး။

(ဃ) အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ အကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းရုံး။

( င ) အာဆီယံအမျိုးသားရဲအဖွဲ့ အတွင်းရေးမှူးရုံးနှင့် အာဆီယံရဲအဖွဲ့ (၉) နိုင်ငံ။

( စ ) အာဆီယံအပေါင်းအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာကျွမ်းကျင် လုပ်ငန်းအဖွဲ့များ။

(ဆ) INTERPOL အထွေထွေ အတွင်းရေးမှူးချုပ်နှင့် INTERPOL ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန။

( ဇ ) BIMSTEC အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့။

( ဈ ) တရုတ်၊ ရုရှား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ပြည်ထဲရေးဝန်ကြီးများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့များ။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မိဘပြည်သူများအနေဖြင့် လူသားအားလုံး၏ အန္တရာယ်ဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ဆက်လက်၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် မည်သည့်လူ့အဖွဲ့အစည်း၊ မည်သည့်နိုင်ငံကမှ လက်မခံသည့် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံမှ အပြီးတိုင်ကွယ်ပျောက်သွားရေးအတွက် ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



ဖယ်ခုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့် နေရာအား အကြမ်းဖက်သူများက တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံးဒဏ်ရာရသူများ၏ မှတ်တမ်းဓာတ်ပုံ။



ကျိုက်လတ်မြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးနှင့် ကိုဗစ်-၁၉ ရောဂါ ယာယီစစ်ဆေးရေးဂိတ်တို့၌ အကြမ်းဖက်သူများ၏ တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရသူများ၏ မှတ်တမ်းဓာတ်ပုံ။



မြစ်ငယ်မြို့မဈေးအတွင်း နှာခေါင်းစည်းနှင့် လက်သန့်ဆေးများ လိုက်လံဝေငှနေသည့် ပြည်သူများအား အမျိုးသားနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေါ်ချိုချိုသက်သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



သဲကုန်း-ပုတီးကုန်းသွားကားလမ်းရှိ မြို့ဝင်ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများသယ်ဆောင်လာသည့် ယာဉ်အား နန့်စီးအောင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်အနီး မိုင်းခွဲတိုက်ခိုက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# ကိုဗစ် - ၁၉ ရောဂါဖြစ်တယ်လို့ သံသယရှိရင် အွန်လိုင်းပေါ်မှာတွေ့တဲ့ ဆေးမြီးတိုတွေနဲ့ ကုသမှု လုံးဝမပြုလုပ်သင့်တာ ဖြစ်ပါတယ်။ နီးစပ်ရာကျန်းမာရေးဌာနကို ဆက်သွယ်ပြီး စနစ်တကျ ကုသမှုခံယူတာ အကောင်းဆုံး ဖြစ်ပါတယ်

**ဒေါက်တာသန်းနိုင်စိုး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၁၈ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ**

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ် - ၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ကာကွယ်ဆေးတွေကို စနစ်တကျ တင်သွင်းဖို့ ကြေညာချက်တွေ ထုတ်ပြန်ထားတာ ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး။** ။ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအတုတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အချက်တွေရှိပါတယ်။ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး တင်သွင်းရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနက ထုတ်ပြန်ထားတာတွေကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဈေးကွက်အတွင်းမှာ အခြေခံအိမ်သုံးဆေးဝါးတွေ ဈေးကြီးမြင့်နေမှုနဲ့ ပတ်သက်ပြီး ပြည်သူများ သိရှိသင့်တဲ့ ကျန်းမာရေးအသိပညာ အခြေခံအချက်အလက်တွေကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဩဂုတ်လ ၁၂ ရက် ရက်စွဲနဲ့ “ပြည်သူသို့ အသိပေးချက်” ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ ဒါကို နိုင်ငံပိုင်မီဒီယာတွေကနေ ထည့်သွင်းဖော်ပြလျက်ရှိပါတယ်။ ဒါကို တင်ပြရရင် “ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ခြင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသော အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများဝယ်ယူ၍ ဦးစားပေးအုပ်စုများ သတ်မှတ်ကာ ကိုဗစ် - ၁၉ ရောဂါကြောင့် သေဆုံးမှုကျဆင်းရေး၊ ကူးစက်မှု ကွင်းဆက်ပြတ်တောက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဦးတည်ချက်များထားရှိကာ Coronavirus Disease 2019 (COVID - 19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်သူလူထုအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။ ကာကွယ်ဆေးများ ထိုးနှံရာတွင် အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများဖြစ်စေရန် ထုတ်လုပ်သည့် ကုမ္ပဏီများမှ တရားဝင်ရောင်းချပြီး အအေးလမ်းကြောင်းမပျက် ထားသိုသိမ်းဆည်းထားသည့် ကာကွယ်ဆေးများဖြစ်ရန် လိုအပ်ပါသည်” ဟု ဖော်ပြထားပါတယ်။

### နံပါတ်တစ် အရေးကြီးဆုံး

ဒါက တော်တော် အရေးကြီးပါတယ်။ အဓိက ထုတ်လုပ်တဲ့ကုမ္ပဏီကနေပြီး တရားဝင် မြန်မာနိုင်ငံမှာ ရောင်းပါဆိုပြီး Letter of Authorization (LoA) ခေါ်ပါတယ်။ ဒီလိုမျိုးပေးထားတဲ့ တင်သွင်းသူဖြစ်ဖို့လိုပါတယ်။ ဒါက နံပါတ်တစ် အရေးကြီးဆုံးအချက်ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီဆေးကို မြန်မာနိုင်ငံအတွင်းမှာ တရားဝင်ရောင်းချရမယ်၊ အအေးလမ်းကြောင်းမပျက်ဖို့ဆိုတာ ပါပါတယ်။ အအေးလမ်းကြောင်းသည် ကာကွယ်ဆေးရဲ့ ဘေးကင်းလုံခြုံစိတ်ချရမှု၊ ဆေးအာနိသင်ထက်မြက်မှုနဲ့ အရည်အသွေးကောင်းမွန်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပါတယ်။

### ကာကွယ်ဆေး အတုအပများ

ဒ့ါအပြင် ပြည်သူလူထုသို့ အသိပေးချက်တွင် “ယခုအခါ ဈေးကွက်အတွင်းမှာ ကာကွယ်ဆေး အတုအပများ Online မှတစ်ဆင့်သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကာကွယ်ဆေးများသည် တရားဝင်တင်သွင်းလာသည့် ကာကွယ်ဆေးများ မဟုတ်သောကြောင့် ရောဂါကာကွယ်နိုင်ခြင်းမရှိသည့်အပြင် ဘေးအန္တရာယ်ဖြစ်ပွားနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြု ထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ကာကွယ်ဆေး အတုအပများ တင်သွင်း၍ ရောင်းချခြင်း သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် “ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်း ဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ” အား လိုက်နာခြင်းမရှိဘဲ တင်သွင်းဖြန့်ဖြူးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန(၁၂ - ၈- ၂၀၂၁) ”ဟု ထုတ်ပြန်ထားတာရှိပါတယ်။

အခုက ကာကွယ်ဆေးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အလွန်ကောင်းမွန်ပါတယ်။ ရေရှည်မှာလည်း ဒီကာကွယ်ဆေးရှိမှသာလျှင် ရောဂါဖြစ်ပွားမှုလှိုင်းတွေကို ကာကွယ်နိုင်မယ်၊ ကာကွယ်ဆေးထိုးထားရင် ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားတာ၊ ဆေးရုံတက်ရောက်ရတာ၊ ရောဂါကြောင့် အသက်သေဆုံးရတာတွေကို လျှော့ချနိုင်တယ်ဆိုတာက တစ်ကမ္ဘာလုံးသိရှိပြီးသား အချက်တွေဖြစ်ပါတယ်။ ဒီလိုမျိုးကာကွယ်ဆေးရဲ့ ကောင်းတဲ့အချက်တွေကို သိရှိတဲ့အခါ ကာကွယ်ဆေးထိုးခြင်းခံယူလိုသူတွေ များလာတာနဲ့အမျှ ကျင့်ဝတ်နဲ့မညီတဲ့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတွေက ကာကွယ်ဆေးအတုတွေ ရောင်းချလာပါတယ်။ ဝယ်တဲ့လူတွေကလည်း ဝယ်ယူသုံးစွဲတဲ့ဖြစ်စဉ်တွေ တွေ့လာရပါတယ်။



အဲဒီအခါမှာ ကာကွယ်ဆေးအတုတွေကြောင့် တကယ့်ကာကွယ်ဆေးအစစ်ရဲ့ အာနိသင်ဖြစ်တဲ့ ရောဂါကာကွယ်မှုမရရှိဘဲ တစ်နည်းအားဖြင့် ခန္ဓာကိုယ်ထဲမှာ ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်ပေးမယ့် ပဋိပစ္စည်းတွေ ထွက်လာမှုမရှိဘဲနဲ့ အန္တရာယ်ပဲဖြစ်စေမယ်ဆိုရင် ဒါသည် ကျင့်ဝတ်အရလည်း မဆောင်ရွက်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုသို့ အသိပေးချက်ဆိုပြီး ထုတ်ပြန်ရခြင်းဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပြည်သူသို့အသိပေးချက်ထဲမှာလည်း “ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ” လို့ရည်ညွှန်းထားတာ ပါပါတယ်။ ဒါကိုစနစ်တကျ လိုက်နာရမှာ ဖြစ်ပါတယ်။ ဒီလိုက်နာရမည့် အချက်တွေနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ထားတာရှိပါတယ်။ ဩဂုတ်လ ၁၁ ရက် ရက်စွဲနဲ့ “ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ” ဆိုပြီး ထုတ်ပြန်ခဲ့တာရှိပါတယ်။

အဲဒီမှာ “ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေနဲ့ နိုင်ငံတကာနှင့် အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသော အရည်အသွေး အာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများကို မိမိတို့အစီအစဉ်နဲ့ တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်” ဆိုပြီး ကာကွယ်ဆေး တင်သွင်းရာတွင် လိုက်နာရမည့်အချက်တွေ ၁၁ ချက်ရှိပါတယ်။

### အသိ အမှတ်ပြုတဲ့စာ

ဒီလိုက်နာရမည့်အချက် ၁၁ ချက်ထဲမှာ နံပါတ်တစ်အချက်က အရေးကြီးပါတယ်။ ဒါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို လျှောက်ထားရပါမယ်။ ဒီလိုလျှောက်ထားတဲ့ အခါ လိုအပ်တာက Letter of Authorization from Owner ဆိုတဲ့ မူလကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီကနေပြီး သူရဲ့ကာကွယ်ဆေးကို မြန်မာနိုင်ငံမှာ ရောင်းချခွင့်ပြုတယ်ဆိုတဲ့ အသိအမှတ်ပြုတဲ့စာ ဒါကအရေးကြီးပါတယ်။ ဥပမာ – Sinopharm ကာကွယ်ဆေးတွေကို မြန်မာနိုင်ငံမှာ ဒီပုဂ္ဂိုလ်ကို မြန်မာနိုင်ငံအတွက် တင်သွင်းရောင်းချခွင့်ပြုတယ်ဆိုတဲ့ မူလထုတ်လုပ်တဲ့ ကုမ္ပဏီက အသိအမှတ်ပြုတဲ့ စာရွက်စာတမ်း လိုအပ်ပါတယ်။ သို့မဟုတ်ပါက မူလကာကွယ်ဆေးထုတ်လုပ်တဲ့ကုမ္ပဏီက အသိအမှတ်မပြုဘဲ တခြားနည်းလမ်း ဖြင့်ရတာ တစ်နည်းအားဖြင့် စထွက်တဲ့နေရာမှာကတည်းက အတုဖြစ်နိုင်ပါတယ်။ ဒီလိုမျိုးမဖြစ်အောင်ပါ။ ဒါက နံပါတ်တစ် အရေးကြီးဆုံးဖြစ်ပါတယ်။ ကာကွယ်ဆေး စတင်ထုတ်လုပ်တဲ့နေရာက အသိအမှတ်ပြုရမယ်။ မူရင်းကုမ္ပဏီရဲ့ Letter of Authorization (LoA) ပါရပါမယ်။

ဒ့ါအပြင် NRA လို့ခေါ်တဲ့ National Regulatory Authority သို့မဟုတ် Food and Drug Administration ပါ။ သက်ဆိုင်ရာနိုင်ငံရဲ့ FDA သို့မဟုတ် ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အသိအမှတ်ပြုတဲ့ အစိုးရအဖွဲ့အစည်းကနေ အသိအမှတ်ပြုတာရှိရမယ်။ ကာကွယ်ဆေးထုတ်လုပ်သူတွေရဲ့ကုမ္ပဏီ Profile ကလည်း ကောင်းမွန်ရမယ်။ GMP Certificate လို့ခေါ်တဲ့ Good Manufacturing Practices Certificate ထုတ်လုပ်မှုနည်းလမ်းစဉ် ကောင်းမွန်တဲ့ လက်မှတ်တွေ တင်ပြနိုင်ရမယ်။ Product Characteristics ဆိုတာ တစ်နည်းအားဖြင့် ဒီအထဲမှာ ပါဝင်တဲ့ ဆေးရဲ့အမည်တွေ၊ အထဲမှာ ဘာတွေပါဝင်တယ်ဆိုတာမျိုး စုံစုံလင်လင်ပါရမယ်။

နောက်တစ်ခုက Batch or Lot Number ဖြစ်ပါတယ်၊ ဒီလိုဆေးတွေကို ထုတ်တဲ့အခါ အတွဲလိုက်ထုတ်ရပါတယ်။

စာမျက်နှာ ၁၇ သို့ ✪

**❂ စာမျက်နှာ ၁၆ မှ**

ဒီအပေါ်မှာ မူတည်ပြီး ဆေးက အာနိသင်ပိုကောင်းလား၊ တစ်ခါတလေဆေးက အာနိသင်နည်းသလား ဒါတွေမှာ ပြန်ကြည့်ဖို့လိုအပ်တဲ့အခါ Batch Number / Lot Number က အရေးကြီးပါတယ်။ ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီကလည်း သူရဲ့ထုတ်လုပ်မှုနည်းလမ်းစဉ်မှာကို အပြစ်တစ်ခုခုတွေ့ရတတ်ပါတယ်။ ဒီ Batch က မကောင်းဘူး ပယ်ဖျက်မယ်ဆိုပြီး ဘယ်နိုင်ငံကို ဆေးက ရောက်နေသလဲဆိုတာ လိုက်လံစစ်ဆေးကြည့်ဖို့အတွက် Batch Number / Lot Number က အရေးကြီးပါတယ်။

**အချက်ရှစ်ချက်ရ**

နောက်ပြီး Patient Information ဖြစ်တဲ့ လူနာတွေအနေနဲ့ လိုက်နာရမယ့်အချက်တွေပါဝင်တဲ့ ကာကွယ်ဆေးရဲ့ ဆေးညွှန်းနဲ့ အကျိုးသက်ရောက်မှုတွေ ဖော်ပြထားတဲ့ စာရွက်ဖြစ်ပါတယ်။ ဒီစာရွက်ထဲမှာ ကာကွယ်ဆေးရဲ့ အာနိသင်၊ ဆေးရဲ့ ဘေးထွက်ဆိုးကျိုးနဲ့ ဆေးမထိုးသင့်သူတွေ ဒါတွေပါဝင်ပါတယ်။ Container Labeling ဆိုတာ ကွန်တိန်နာထဲမှာပါတဲ့ တံဆိပ်ဖြစ်ပါတယ်။ Storage and Distribution Plan က ဆေးကို ဘယ်လိုမျိုး သိုလှောင်ထားမလဲ၊ ဘယ်လိုမျိုးဖြန့်ဖြူးမလဲ ဒီအချက်အလက်တွေ လိုအပ်ပါတယ်။ အားလုံးပြန်ကြည့်လိုက်ရင် နံပါတ်တစ်အချက်မှာ အချက်ရှစ်ချက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒါကိုထုတ်ပြန်ရတဲ့ရည်ရွယ်ချက်က နိုင်ငံတကာမှာလည်း ကာကွယ်ဆေးတင်သွင်း ထိုးနှံခြင်းကို ကုမ္ပဏီတွေအနေနဲ့ (သို့မဟုတ်) အစိုးရမဟုတ်တဲ့ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍကနေ ဆောင်ရွက်တာရှိပါတယ်။ ကာကွယ်ဆေးရဲ့ သဘောကိုက လူသားတွေရဲ့ ကျန်းမာရေးကို အကျိုးပြုတဲ့ Public Good တစ်ခုပါ။ အများပြည်သူက သုံးစွဲနိုင်တဲ့ပစ္စည်းလည်း ဖြစ်ရမယ်။ ဒီအခါ နိုင်ငံတော်အစိုးရအနေနဲ့ ထိုးနှံပေးခြင်းတွေအပြင် ပုဂ္ဂလိကကဏ္ဍကလည်း စနစ်တကျ အရည်အသွေးရှိရှိ၊ ကောင်းကောင်းမွန်မွန် ထိုးနှံပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ကာကွယ်ဆေးရဲ့ လွှမ်းခြုံနိုင်မှုအနေနဲ့ တိုးတက်မှု မြန်မြန်ရရှိမှာ ဖြစ်ပါတယ်၊ နိုင်ငံတော်အနေနဲ့ ထိုးနှံပေးမယ်၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကလည်း ထိုးမယ်ဆိုရင် ကာကွယ်ဆေး လွှမ်းခြုံမှု ကောင်းမွန်သွားမှာ ဖြစ်ပါတယ်။ **ဒီလိုရရှိအောင် ဆောင်ရွက်တဲ့အခါ ကာကွယ်ဆေးအတုတွေဝင်လာပြီး နည်းလမ်းမကျ၊ စနစ်မကျတာတွေ မဖြစ်စေရေးအတွက် စနစ်တကျနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အရည်အသွေးအပြည့်နဲ့ ဘေးကင်းစိတ်ချရတဲ့၊ အာနိသင်ထက်မြက်တဲ့ ကာကွယ်ဆေးတွေကို ပြည်သူတွေ အမြန်ရရှိဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ ဒီလိုလမ်းညွှန်ချက်တွေ ထုတ်ပြန်တာဖြစ်ပါတယ်။**

အခြားအချက်တွေအနေနဲ့ တင်သွင်းခွင့်ပြုပြီးရရှိရင် FDA ကို အဆိုပြုတင်ပြထားလို့ ခွင့်ပြုချက်ရထားတဲ့ ဆေးရုံ၊ ဆေးခန်းမှာ ထိုးနှံရမယ်။ FDA ရဲ့ သတ်မှတ်ချက်အရ ပြင်ပဆေးဆိုင်တွေမှာ မရောင်းရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ အရေးပေါ်အသုံးပြုခွင့်ပဲရသေးတယ်။ Full Authorization မဟုတ်သေးတဲ့အတွက် အပြင်ဆေးဆိုင်တွေကို လုံးဝ (လုံးဝ) ဖြန့်ဖြူးရောင်းချခွင့်မရှိပါဘူး။ သတ်မှတ်ထားတဲ့ စုရပ်တွေနဲ့ သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်းထိုးရမယ်။ နောက်ပြီး ပြည်သူလူထုကို ကြိုတင်အသိပေးတာ၊ စီမံခန့်ခွဲမှုတွေဆောင်ရွက်ထားတာတွေကို တင်ပြဖို့လိုပါတယ်။

နံပါတ် ငါးအချက်မှာ ကာကွယ်ဆေးကို တင်သွင်းဖြန့်ဖြူးခွင့်ရရှိသူသည် ဆေးဝါးတင်သွင်းခွင့်လက်မှတ်ရရှိထားသူ ဖြစ်ရမယ်။ အမျိုးသားဆေးဝါးဥပဒေနှင့် အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို လိုက်နာရမယ်။ ကာကွယ်ဆေးများ သိုလှောင်ရာတွင် အသုံးပြုသည့် အအေးလမ်းကြောင်းမပျက်ဖို့ အသေးစိတ်တင်ပြထားတာရှိတယ်။ ကာကွယ်ဆေးအမျိုးအစားအလိုက် အအေးလမ်းကြောင်း ထိန်းတဲ့စနစ်က အလွန်အရေးကြီးပါတယ်။ အချို့ ကာကွယ်ဆေးဆိုရင် အပေါင်းနှစ်မှ ရှစ်ဒီဂရီအထိ ထားပေးရတယ်။ အချို့ကာကွယ်ဆေးတွေဆိုရင် တော်တော်အေးမှရတယ်။ အနှုတ် ၇၀ ဒီဂရီစင်တီဂရိတ်ထိ ထားရတာတွေရှိတယ်။ ဒါကြောင့် လိုအပ်တဲ့ သင်တန်းပေးခြင်း၊ ရေခဲသေတ္တာများ တပ်ဆင်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ဆေးက မတော်တဆနဲ့ထားရမယ့် အပူချိန်မှာ မရှိရင်၊ အေးလွန်းသွားလို့ ဆေးကခဲသွားရင် မကောင်းတော့တာ၊ ပူလွန်းရင်လည်း ဆေးရဲ့ အာနိသင်ပျက်သွားတာရှိပါတယ်။ အအေးလမ်းကြောင်း မပျက်ဖို့က အလွန်အရေးကြီးပါတယ်။ သိုလှောင်ခြင်း၊ ပို့ဆောင်ခြင်းတွေကို အအေးလမ်းကြောင်းမပျက် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ အအေးလမ်းကြောင်းကျွမ်းကျင်တဲ့ ဝန်ထမ်းတွေကို ခန့်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။** အအေးလမ်းကြောင်း မှတ်တမ်းကို အပူချိန်မှတ်တမ်းလို့ ခေါ်ပါတယ်။ ဒါကိုသက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တောင်းခံစစ်ဆေးပါက အချိန်မရွေး တင်ပြနိုင်ဖို့ စီစဉ်ထားရမယ်။ လိုအပ်ရင် ကျန်းမာရေးဝန်ကြီးဌာနက အွန်လိုင်းသင်တန်းပေးမှာ ဖြစ်ပါတယ်။

**သတင်းပို့တဲ့စနစ်**

နောက်တစ်ခုက ကာကွယ်ဆေးထိုးနှံပြီးရင် သတင်းပို့တဲ့ စနစ်ပါ။ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနဲ့ ချိတ်ဆက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိတဲ့ Vaccine Management Information System ကာကွယ်ဆေးထိုးနှံတာနဲ့ပတ်သက်တဲ့ သတင်းပို့စနစ်ကို အချက်အလက်တွေ ထည့်သွင်းပေးရပါမယ်။ ဒါမှ စာရင်းဇယားတွေ အားလုံးက တစ်နေရာတည်းမှာ စုစုစည်းစည်း ဖြစ်မှာဖြစ်ပါတယ်။ သီးခြားစနစ်ထူထောင်ပြီး မှတ်ပုံတင်တာ၊ ကာကွယ်ဆေးမှတ်တမ်းထုတ်တာတွေကို မပြုလုပ်ရပါဘူး။ နောက်ပိုင်း နိုင်ငံခြားသွားမယ်ဆိုရင် ကာကွယ်ဆေးထိုးနှံပြီးစီးမှုလက်မှတ် လိုတဲ့အခါ National System ထဲမှာ ဝင်သလား၊ မဝင်ဘူးလားဆိုတာ စကားပြောလာမှာဖြစ်ပါတယ်။ ဒါကြောင့် သတင်းပို့စနစ်တစ်ခုတည်းမှာ ပူးပေါင်းဆောင်ရွက်ရပါမယ်။

ကာကွယ်ဆေးထိုးနှံရာမှာ ပူးပေါင်းဆောင်ရွက်ရမယ့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေနဲ့ ဆေးထိုးစုရပ်များရဲ့ အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနကို တင်ပြပြီး ခွင့်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံပေးမည့်သူတွေဟာ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ ပတ်သက်၍လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များကို စီမံခန့်ခွဲခြင်း သင်တန်းတက်ရောက်ပြီးသူများသာ ဖြစ်ရမယ်။ လိုအပ်ပါကလည်း ကျန်းမာရေးဝန်ကြီးဌာနက သင်တန်းပို့ချပေးမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက ကာကွယ်ဆေးထိုးပေးသူများအား ပုဂ္ဂလိကအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ခွင့်မပြုဘူးလို့ ပါပါတယ်။ ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းပို့ခြင်းကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ သတင်းပို့စနစ်အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပြီး ပြင်းထန်တဲ့နောက်ဆက်တွဲဖြစ်ရပ်တွေဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပေးပို့ရမှာဖြစ်ပါတယ်။

**လိုက်နာရမယ့်အချက်တွေ**

နံပါတ် ၁၁ အချက်က တင်သွင်းမယ့်ကာကွယ်ဆေးတွေနဲ့ပတ်သက်ပြီး ကာကွယ်ဆေး အစစ်အမှန်ဖြစ်ခြင်း၊ ကာကွယ်ဆေးများ အသုံးပြု၍ ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဖြစ်ရပ်များကို တင်သွင်းသူများက တာဝန်ယူကြောင်း ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုး၍ တင်သွင်းခွင့်လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဒါက ကာကွယ်ဆေး တင်သွင်းထိုးနှံရာမှာ လိုက်နာရမယ့် အချက်တွေဖြစ်ပါတယ်။

နောက်တစ်ခုက လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပတ်သက်ပြီး တင်ပြထားတာလည်း ရှိပါတယ်။ သဘောတရားကတူညီနေလို့ ကျွန်တော့်အနေနဲ့ အသေးစိတ်မပြောတော့ပါဘူး။ အဓိကက ကာကွယ်ဆေးအတုတွေကိုယုံပြီး မထိုးမိဖို့လိုပါတယ်။ ကာကွယ်ဆေးအတုတွေကို တင်သွင်းရောင်းချခြင်း မပြုဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ ဒါသည် လူ့အသက်ကို ခုတုံးလုပ်ပြီးစီးပွားရှာတဲ့ကိစ္စဖြစ်လို့ မသင့်တော်ပါဘူး။ ကာကွယ်ဆေးအတုတွေကို တင်သွင်းရောင်းချခြင်းမပြုဖို့ ပြည်သူတွေအနေနဲ့ စိတ်မချရတဲ့ ကာကွယ်ဆေးတွေ၊ ခုနတင်ပြခဲ့တဲ့ အချက်တွေနဲ့ ကိုက်ညီခြင်းမရှိတဲ့ ကာကွယ်ဆေးတွေကို ထိုးနှံခြင်းမပြုဖို့ ကျွန်တော့်အနေနဲ့ အဓိက သတင်းစကားပေးလိုပါတယ်။

အရည်အသွေးကောင်းမွန်၊ အာနိသင်ထက်မြက်၊ ဘေးကင်းလုံခြုံစိတ်ချရတဲ့ ကာကွယ်ဆေးတွေကို ပြည်သူတွေ စနစ်တကျရရှိရေးအတွက် အသိပေး၊ သတိပေးခြင်း ဆောင်ရွက်တာတွေအပြင် နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကကဏ္ဍအတွက် တရားဝင်လမ်းကြောင်းတွေ ဖွင့်ထားပေးတယ်ဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ဒီလို ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းဖြစ်ပွားမှုတွေမှာ တတိယလှိုင်းဖြစ်စဉ်က ကူးစက်မှုလည်းမြန်တယ်။ ဆက်တိုက်ကူးစက်မှုတွေကလည်း များတယ်။ ဖြစ်ပွားတဲ့သူများလာတာနဲ့အမျှ အခြေခံအိမ်သုံးဆေးဝါးတွေ ဈေးတက်တဲ့ ကိစ္စတွေလည်းရှိပါတယ်။ ဆေးဝါးတွေ ဝယ်ယူရာမှာ ကျွန်တော့်အနေနဲ့ ပြည်သူများ သိရှိသင့်တဲ့ ကျန်းမာရေးအသိပညာ အခြေခံအချက်အလက်တွေကို အကြမ်းဖျင်းတင်ပြလိုတာက ကိုယ်ဝယ်ယူတဲ့ဆေးဆိုင်က စနစ်တကျမှတ်ပုံတင်ထားတဲ့ ဆေးဆိုင် ဟုတ်၊ မဟုတ် အရင်ကြည့်ဖို့ပါ။

လိုင်စင်သက်တမ်းရှိတဲ့ ဆေးအရောင်းဆိုင် သို့မဟုတ် လုပ်ငန်းကုမ္ပဏီ၊ အဓိက တရားဝင်ဖြစ်ဖို့ လိုပါတယ်။ တရားဝင်ဖြစ်ကြောင်း အထောက်အထားရှိဖို့ လိုပါတယ်။ ဒီလိုဆေးဆိုင်မျိုးဖြစ်ဖို့လိုပါတယ်။ အွန်လိုင်းကနေ တရားမဝင် ရောင်းချတဲ့၊ အာမခံချက်မပေးနိုင်တဲ့ မည်သည့်ဆေးဝါးဆေးပစ္စည်းကိုမဆို ဝယ်ယူသုံးစွဲခြင်းက လုံးဝရှောင်ကြဉ်သင့်ပါတယ်။ ဆေးတွေနဲ့ ပတ်သက်ပြီး အွန်လိုင်းဈေးကွက်က ရောင်းတာလည်း ဖြစ်နေတယ်။ ဒါပေမယ့် အာမခံချက်ပေးနိုင်လားဆိုတော့ မပေးနိုင်ဘူး၊ တရားဝင်လားဆိုတော့ မဝင်ဘူး၊ အန္တရာယ်ဖြစ်ရင်တောင် ဘယ်သွားပြောရမှန်း မသိဘူးဆိုတာမျိုး ဖြစ်နေပါတယ်။ အွန်လိုင်းကနေ တရားမဝင်ရောင်းချတဲ့ ဆေးတွေကို လုံးဝသုံးစွဲခြင်းမပြုဖို့၊ တရားဝင်လိုင်စင်သက်တမ်းရှိတဲ့ဆေးဆိုင်ကပဲ ဝယ်ယူဖို့ ဦးစွာ တင်ပြလိုပါတယ်။

နောက်တစ်ခုက မိမိဝယ်ယူသုံးစွဲတဲ့ဆေးကတ် သို့မဟုတ် ဘူးခွံအပေါ်မှာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိအမှတ်ပြုတဲ့ မှတ်ပုံတင်လက်မှတ် Myanmar Registration Number ပါ/မပါ ကြည့်ရပါမယ်။ နောက်ပြီး ထုတ်လုပ်တဲ့ရက်၊ သက်တမ်းကုန်ဆုံးမယ့်ရက်တွေကို ရှင်းလင်းစွာ ဖော်ပြထားရမယ်။ ထုတ်ပိုးမှုစနစ် ကောင်းမွန်ပြီး ဆေးညွှန်း အမှတ်အသားတွေ၊ ပါဝင်ပစ္စည်းတွေကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားရပါမယ်။ ဆရာဝန်ညွှန်းဆိုမှုနဲ့ သောက်ရမယ့်ဆေးတွေဆိုရင် တတ်ကျွမ်းနားလည်တဲ့ ဆေးပညာရှင်ရဲ့ ညွှန်ကြားမှု၊ တိုင်ပင်မှုနဲ့ ဝယ်ယူသင့်ပါတယ်။

**ဝယ်ယူသုံးစွဲလို့ရ**

ဆေးဈေးအလွန်ကြီးမြင့်ပြီး လတ်တလောဝယ်ယူရန်ရှားပါးတဲ့ နာမည်ကြီးတံဆိပ်ဆေးတွေကို ဥပမာ – ပါရာစီတမောတံဆိပ်တစ်ခုဆို အားလုံးသိပါတယ်။ အရင်တုန်းက တစ်ကတ်ကို နှစ်ရာ၊ သုံးရာလောက် ပေးရတာက အခု ၄၀၀၀၊ ၅၀၀၀ ပေးတာတောင် ရှာလို့မရဘူး။ ဒီလိုဖြစ်မယ်ဆိုရင် မူလဆေးဝါးဗေဒအမည်တူမယ်၊ အထဲမှာပါတဲ့ဆေးပမာဏတူမယ်၊ ပါရာစီတမော ၅၀၀ မီလီဂရမ်တူတာ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိအမှတ်ပြုတဲ့ မှတ်ပုံတင်လက်မှတ်လည်းပါတယ်။ သက်တမ်းကုန်ဆုံးမယ့်ရက်လည်း ဝေးသေးတယ်ဆိုရင် ဒီလိုဆေးကို ဝယ်ယူသုံးစွဲလို့ရပါတယ်။

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ မူလဆေးဝါးဗေဒအမည်နဲ့ဆေး Generic Medicine ဖြစ်ရင် သူကကုန်ပစ္စည်းတံဆိပ် Brand Name တွေမပါဘူး။ မူလဆေးဝါးဗေဒအမည် ပါရာစီတမော ၅၀၀ မီလီဂရမ်ဆိုတာပါမယ်၊ ဘူးနဲ့လာရင်လာမယ်။ အောက်မှာကြည့်လိုက်ရင် Myanmar Registration Number ပါမယ်။ ထုပ်ပိုးမှုရော၊ ထုတ်လုပ်မှုရော ကောင်းမွန်တယ်။ သက်တမ်းကုန်ဆုံးမယ့်ရက်တွေလည်း ဖော်ပြထားတယ်။ ဒီလိုဆေးမျိုးဆိုရင် ဝယ်ရင်ဈေးသက်သာတယ်။ အရည်အသွေးလည်းကောင်းတယ်။ ဒါမျိုးဆိုရင် ဝယ်သောက်သင့်ပါတယ်။ အစားထိုးဝယ်ယူသုံးစွဲသင့်တဲ့အကြောင်းကို ဒီနေရာက တင်ပြလိုပါတယ်။

နောက်တစ်ခုက ဈေးအလွန်သက်သာတာကိုကြည့်ပြီး ဝယ်ယူတာကိုလည်း ရှောင်သင့်ပါတယ်။ ဘူးနဲ့မဟုတ်တော့ဘဲ အလုံးအပြေတွေလည်း ဖြစ်မယ်ဆိုရင် ရှောင်သင့်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်လည်းမပါဘူး၊ စနစ်တကျထုပ်ပိုးမှုမရှိဘူး၊ ထုတ်လုပ်တဲ့ရက်၊ သက်တမ်းကုန်ဆုံးတဲ့ရက်မပါဘူး၊ ဘူးနဲ့ မဟုတ်တော့ဘဲ အလုံးအပြေတွေဆိုတော့ ဘာမှမမြင်ရ၊ မသိရတော့ဘူး ဒီလိုဆိုရင် ဆေးဝါးအတုလည်း ဖြစ်နိုင်တယ်။

**စာမျက်နှာ ၁၈ သို့ ❂**

**အဓိကက ကာကွယ်ဆေးအတုတွေကိုယုံပြီး မထိုးမိဖို့လိုပါတယ်။ ကာကွယ်ဆေးအတုတွေကို တင်သွင်းရောင်းချခြင်း မပြုဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ ဒါသည် လူ့အသက်ကို ခုတုံးလုပ်ပြီးစီးပွားရှာတဲ့ကိစ္စဖြစ်လို့ မသင့်တော်ပါဘူး။ ကာကွယ်ဆေးအတုတွေကို တင်သွင်းရောင်းချခြင်းမပြုဖို့ ပြည်သူတွေအနေနဲ့ စိတ်မချရတဲ့ ကာကွယ်ဆေးတွေ၊ ခုနတင်ပြခဲ့တဲ့ အချက်တွေနဲ့ ကိုက်ညီခြင်းမရှိတဲ့ ကာကွယ်ဆေးတွေကို ထိုးနှံခြင်းမပြုဖို့ ကျွန်တော့်အနေနဲ့ အဓိက သတင်းစကားပေးလို**

❂ စာမျက်နှာ ၁၇ မှ

အရည်အသွေးလည်း မပြည့်ဝတာဖြစ်နိုင်တယ်၊ သက်တမ်းလွန်တဲ့ ဆေးဝါးလည်းဖြစ်နိုင်တယ်။ ဘူးနဲ့မဟုတ်ဘဲ အလုံးအပြေတွေဖြစ်သွားတော့ မသိနိုင်တော့ဘူး။ ဒီလိုမျိုးတွေကို ဈေးလျှော့ရောင်းတာဆိုရင်လည်း ရှောင်သင့်ပါတယ်။ သောက်မိရင် အကျိုးကျေးဇူး မရှိနိုင်ပါဘူး၊ အန္တရာယ်တောင် ဖြစ်နိုင်ပါတယ်။

ဆေးဝါးဝယ်ယူရာမှာ အဓိက ရှောင်ကြဉ်ရမှာ နောက်တစ်ခုက တော်တော်ကို အန္တရာယ်ကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါက စပ်ဆေးဖြစ်ပါတယ်။ ရပ်ရွာထဲမှာလည်း ကြားနေရတယ်။ နေမကောင်းရင် ကွမ်းယာဆိုင်က စပ်ဆေးသောက်လိုက်ရင် နေကောင်းသွားတယ် ဆိုပြီးပေါ့။ ဒါကအတော့်ကို အန္တရာယ်ရှိတဲ့ ကိစ္စဖြစ်ပါတယ်။ စပ်ဆေးမှာပါတဲ့ အချို့ဆေးတွေက အလုံးအပြေတွေရောထားတယ်။ ဘာပါမှန်း၊ ဘာဆေးမှန်းလည်း မသိဘူး။ များသောအားဖြင့် ထည့်တတ်တဲ့ ဆေးတွေက ပဋိဇီဝဆေးတွေ၊ ပြင်းထန်တဲ့ အကိုက်အခဲပျောက်ဆေးတွေ၊ စတီးရွိုက်ဆေးတွေ၊ အချို့ဆိုရင် သက်တမ်းလွန်နေတဲ့ ဆေးတွေလည်း ထည့်တတ်ပါတယ်။

စတီးရွိုက်ဆေးတွေရဲ့ သဘောက ရောဂါကို ခဏတာသက်သာစေပါတယ်။ နောက်ပြီးရင် ရောဂါရဲ့ ပြင်းထန်မှုက ပိုသထက်ပိုလာပြီး အသက်သေဆုံးတဲ့အထိ အန္တရာယ်ရှိနိုင်ပါတယ်။ စပ်ဆေးကို မကြာခဏ ဝယ်ယူသောက်သုံးမယ်ဆိုရင် ပြင်းထန်တဲ့ အကိုက်အခဲပျောက်ဆေးတွေ၊ စတီးရွိုက်ဆေးတွေကြောင့် အစာအိမ်၊ ကျောက်ကပ်၊ နှလုံးသွေးကြောရောဂါဖြစ်ပွားပြီး နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုး အများကြီးခံစားရနိုင်ပါတယ်။ ပဋိဇီဝဆေးကို ဆေးပတ်လည်အောင် မသောက်တာ၊ အာနိသင်လျော့နေတဲ့ ပဋိဇီဝဆေးတွေကို သောက်တာကြောင့် ဆေးယဉ်ပါးတဲ့ ပြဿနာတွေဖြစ်ပြီး လူ့သက်တမ်းမစေ့ဘဲ စောစီးစွာ အသက်ဆုံးရှုံးနိုင်ပါတယ်။ စပ်ဆေးကို လုံးဝရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကိုဗစ် –၁၉ ရောဂါဖြစ်တယ်လို့ သံသယရှိရင် အွန်လိုင်းပေါ်မှာတွေ့တဲ့ ဆေးမြီးတိုတွေနဲ့ ကုသမှုလုံးဝမပြုလုပ်သင့်တာ ဖြစ်ပါတယ်။ နီးစပ်ရာကျန်းမာရေးဌာနကို ဆက်သွယ်ပြီး စနစ်ကျကုသမှုခံယူတာ အကောင်းဆုံး ဖြစ်ပါတယ်။ အိမ်တွင်းဆေးမြီးတိုနဲ့ ကုသတာက ရောဂါကြောင့် သေဆုံးမှုကို မြင့်တက်စေပြီး အိမ်မှာရှိတဲ့ ကျန်တဲ့ မိသားစုဝင်တွေကို ကူးစက်မှုကို မြင့်မားစေတဲ့ အတွက် အိမ်မှာဆေးမြီးတိုနဲ့ ကုသခြင်းကိုလည်း လုံးဝရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

ဆေးဆိုင်မှာ ဆေးဝယ်တဲ့အခါမှာလည်း အိမ်က ထွက်ပြီဆိုတာနဲ့ ပါးစပ်နဲ့ နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်မယ်။ မေးစေ့မှာ မချိတ်ပါနဲ့။ လက်ကို စက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးမယ်။ အခြားသူတွေနဲ့ ခပ်ခွာခွာနေမယ်။ လိုအပ်ရင် ခြောက်ပေအကွာ စနစ်တကျ တန်းစီဝယ်မယ်။ လူစုလူဝေးဖြစ်ခြင်းကို လုံးဝရှောင်ကြဉ်သင့်ပါတယ်။ လိုအပ်တဲ့ပမာဏကိုသာဝယ်ပြီး မလိုအပ်ဘဲ အလွန်အကျွံ ဆေးတွေအမြောက်အမြား မဝယ်ယူဖို့ လိုပါတယ်။

ဒီလို ဆေးဝါးဝယ်ယူရေးနဲ့ပတ်သက်တဲ့ ကျန်းမာရေးအသိပညာတွေကို မိသားစုအချင်းချင်း၊ မိတ်ဆွေအချင်းချင်း မျှဝေခြင်းအားဖြင့် ဆေးဝါးနဲ့ပတ်သက်ရင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန် ဝယ်ယူနိုင်မယ့်အပြင် ဆေးဆိုင်ကနေ ရောဂါကူးစက်စေခြင်း၊ အရည်အသွေးမပြည့်မီတဲ့ ဆေးတွေ၊ ဆေးအတုတွေကို သောက်သုံးမိလို့ အသက်အန္တရာယ်ဖြစ်စေခြင်း၊ ဆေးမြီးတိုနဲ့ ကိုဗစ် – ၁၉ ရောဂါကို ကုမိလို့ အိမ်မှာနေရင်း အသက်ဆုံးရှုံးရခြင်း အန္တရာယ်တွေကနေ ကင်းဝေးကြမှာဖြစ်တဲ့ အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။



## မတ္တရာမြို့နယ် ဧရာဝတီမြစ်နှင့်ဆက်စပ်လျက်ရှိသော သဘာဝရေပြင်ရွှေတချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**မတ္တရာ ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေပြင်ရွှေတချောင်းအတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက် ၁၅၀၀၀၀ အား ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီတွင် မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးဇော်သန်း၊ မတ္တရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဗိုလ်မှူးစန်းယု(အတွင်းရေးမှူး)၊ ရဲမှူးဇော်လင်းထွန်း၊ ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေလင်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအေးလွင်နှင့် ဝန်ထမ်းများ၊ မတ္တရာငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းသန့်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ မန္တလေးတိုင်းဒေသကြီး၌ ငါးလုပ်ငန်းစခန်း လေးခုရှိပြီး ရေနံ့သာငါးလုပ်ငန်းစခန်းအနေဖြင့် နှစ်လက်မအရွယ် ငါးမျိုးစိုက်လျာထားချက် သိန်း ၄၀ ပြည့်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်သားမြို့နယ် ကင်းတားဆည်အတွင်း ငါးမျိုးစိုက်ထည့်

**မြစ်သား ဩဂုတ် ၁၉**

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမြစ်ချောင်းအင်းအိုင်များ၊ ဆည်တမံ၊ ကန်များနှင့် သဘာဝရေပြင်များအတွင်း ငါးသယံဇာတများ ပေါ်များလာစေခြင်းဖြင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာပိုမိုစားသုံးနိုင်ရေးအတွက် နှစ်လက်မအရွယ် ငါးသားပေါက်များ မျိုးစိုက်ထည့်လျက်ရှိရာ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ကင်းတားဆည်၌ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး၊ အဖွဲ့ဝင် (၂) ဦးအောင်သူ၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်မင်းစိန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝေဖြိုးအောင်၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းထက်၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ငါးမြစ်ချင်းသားပေါက်ကောင်ရေ သုံးသိန်းငါးသောင်းကို ကင်းတားဆည်အတွင်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လဟယ်မြို့နယ် မူကီးကျေးရွာ၌ တောင်ယာလမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**လဟယ် ဩဂုတ် ၁၉**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ ကျေးလက်နေပြည်သူများက ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များရေးဆွဲ၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်အပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများလျာထားပြီး စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကူးကူးနောက်ကုန်းကျေးရွာအုပ်စု မူကီးကျေးရွာ၌ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော တောင်ယာလမ်း ခြောက်ပေအကျယ် (၉/၀)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းမှာ လက်ရှိအချိန်တွင် ရာနှုန်းပြည့်ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ယင်းတောင်ယာလမ်းသည် အိမ်ထောင်စု ၂၅ စု လူဦးရေ ၂၀၁ ဦး တို့ မှီခိုအားထားရာ တောင်ယာစိုက်ခင်းများသို့ သွားရာ အဓိကလမ်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ကုန်ထုတ်လုပ်ငန်းအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးအတွက် စီမံကိန်းကော်မတီက ကျေးရွာအုပ်ချုပ်ရေးမှူးသို့ လုပ်ငန်းများ စနစ်တကျ လွှဲပြောင်းပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

## ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကျောင်းကုန်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက ကျန်းမာရေးအသိပညာပေးချက်များကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း လှည့်လည်ဆော်ဩခဲ့ကြသည်။

အဆိုပါ ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုများကို မြို့နယ်အတွင်းရှိ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာ ၆၅ အုပ်စုတို့၌လည်း ဆက်လက်ဆော်ဩပေးကြရန် ညွှန်ကြားထားကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ယမန်နေ့အထိ ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာ ၅၉၂ ဦး ရှိပြီဖြစ်ပြီး ဆေးရုံဆင်းခွင့်ရရှိသူ ၄၉၃ ဦးရှိပြီဖြစ်သည်။ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူသူ ၃၀ ရှိပြီး သေဆုံးသူ ၆၉ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ကောင်းအောင်ပြု

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)



- နှစ်ပေါင်း တစ်သိန်းကိုးသောင်းလောက်က လူသားမျိုးနွယ်စု (Homo Sapiens) စတင်နေခဲ့တဲ့အချိန်က ခန့်မှန်းရေတွက်ကြည့်ရင် ကမ္ဘာကြီးမှာ ယနေ့အထိ လူဦးရေစုစုပေါင်း ၁၀၅- ၁၀၇ ဘီလီယံ နေခဲ့ပါတယ်။
- အလွန်တရာကြမ်းတမ်းလှတဲ့ ရေခဲခေတ် နောက်ဆုံးရေခဲခေတ် (Last Ice Age) ကြီးနဲ့ သဘာဝဘေးအန္တရာယ်ကြီးတွေကို ခက်ခက်ခဲခဲနဲ့ ဖြတ်ကျော်ခဲ့ရပါတယ်။ ၇ ဒသမ ၅ ဘီလီယံသော ယနေ့ကမ္ဘာ့လူဦးရေဟာ မျိုးဆက်သစ်တွေပဲ ဖြစ်ပါတယ်။
- ဒုတိယကမ္ဘာစစ်ကြီးအပြီး နောက်ပိုင်းမှာ ဗြဟ္မစိုရ်တရားများထွန်းကားဖို့ လိုအပ်ကြောင်း ပညာရှင်တွေပြောလာကြပါတယ်။
- **သဘာဝတရားကြီးက ပေးလိုက်တဲ့လက်ဆောင်တွေထဲမှာ ကမ္ဘာ့လူသားဟာ အကောင်းဆုံးလက်ဆောင်ဖြစ်ပါတယ်၊ လူ့သမိုင်းမှာ ဉာဏ်ရည်အမြင့်ဆုံး၊ အသိဉာဏ်နဲ့ နှလုံးသားမှာလည်း အမြင့်ဆုံး မိမိစွမ်းအားမှန်သမျှ ထုတ်သုံးနိုင်တာမို့ ဒီကပ်ရောဂါဆိုးကြီးမှ ကင်းလွတ်နိုင်မယ်လို့ ယုံကြည်ပါတယ်ဆိုတဲ့** အချက်တွေနဲ့ ဒီဆောင်းပါးကို စချင်ပါတယ်။

၁၉၉၉ ခုနှစ် ဩဂုတ်လဒုတိယပတ်ထဲမှာ ပါမောက္ခချုပ်တာဝန်ထမ်းဆောင်မယ့် ကျွန်တော့်ကို တက္ကသိုလ်က နွေးနွေးထွေးထွေးကြိုဆိုတဲ့ မိတ်ဆက်ပွဲ ပြုလုပ်ပေးပါတယ်။ အဲဒီ မိတ်ဆက်ပွဲမှာ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလထုတ် Reader's Digest ထဲက စာကောင်းပေကောင်း တိုတိုတုတ်တုတ်နဲ့ ကျွန်တော်ပြောခဲ့တဲ့စကားကို ယနေ့တိုင် မမေ့နိုင်ဖြစ်ရပါတယ်။

တစ်ခါက ဒုက္ခတွေကြုံ၊ စိတ်ပျက်လက်ပျက်၊ စိတ်ဓာတ်ကျဆင်းနေသူ ကမ္ဘာကြီးကိုပင် မကျေမနပ်ဖြစ်နေသူတစ်ဦးဟာ ဘုရားသခင်ရှေ့မှောက်ရောက်လာပြီး ဒီလိုညည်းတွားခဲ့တယ်လို့ အစချီလိုက်ပါတယ်။

**"အိုဘုရားသခင် ဒုက္ခအပေါင်းကို ကြည့်လိုက်ပါဦး၊ ဒီကမ္ဘာကြီးဟာ တရားမျှတမှုတွေ မရှိ၊ ဒေါသတွေထွက်၊ စိတ်ဓာတ်တွေလည်းကျ၊ စိတ်တွေလည်း ချောက်ချားနေကြပြီ၊ ဘာကြောင့် အကူအညီတွေ မစေလွှတ်တာလဲဘုရား။" အဲဒီတော့ ဘုရားသခင်က "ငါကိုယ်တော် အကူအညီတွေ စေလွှတ်ထားပါတယ်။ မင်းကိုလည်း စေလွှတ်ထားတယ်လေ"** ဆိုပြီး ပြန်ဖြေတဲ့အကြောင်း စကားထဲမှာ ထည့်ပြောခဲ့ပါတယ်။

တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်တာဝန်ထမ်းဆောင်ဖို့ ရောက်တာသွားတယ်၊ ဆရာ ဆရာမတွေနဲ့ဝန်ထမ်းတွေ ရေအခက်အခဲဖြစ်၊ ရေကိုလုဝယ်ရ၊ ဒေါသတွေထွက်နေတာကို ကျွန်တော် မသိခဲ့ပါဘူး။ ဒီအခက်အခဲတွေဖြေရှင်းပေးမယ့် ဆရာကြီးတော့ ရောက်လာပြီဆိုတဲ့အထင်နဲ့ ပရိသတ်က ပို၍ ခေါင်းထောင်နားထောင်လာလို့ ဆက်ပြောခဲ့ပါတယ်။

ဒီပုံပြင်တိုလေးရဲ့ သင်ခန်းစာက ကျွန်တော်တို့တစ်တွေဟာ ပျက်စီးနေတဲ့ကမ္ဘာကိုပြင်ဖို့၊ ဒုက္ခအပေါင်းက ကယ်တင်ကြဖို့၊ ဒီမိုး ဒီရေ ဒီမြေနဲ့ ဒီကောင်းကင်ကြီးရဲ့အောက်မှာ ရေစက်ဆုံကြတာ မဟုတ်ဘူးလား၊ ရေလွှမ်းရေကြီးတဲ့ဒေသ ရေမကြီးအောင်၊ ခြောက်သွေ့တဲ့နေရာ ရေရောက်အောင်၊ တောမီးတွေလောင်ရင် မလောင်ရအောင်၊ ဒုက္ခတွေကပ်တွေဆိုက်၊ ဒီဒုက္ခအပေါင်းက ကျော်လွှားဖို့ကိစ္စဟာ တစ်ရက်တာ၊ တစ်နှစ်တာအလုပ်မဟုတ်၊ တစ်သက်တာလုံး လုပ်ကြရမယ့်ကိစ္စ၊ တစ်ဦးတစ်ယောက်ကောင်းမဟုတ်၊ လူအများ စုပေါင်းလုပ်ကြရမယ့်အလုပ်တွေပဲ။ ကြီးသည် ငယ်သည် ဆင်းရဲသည် ချမ်းသာသည်မဟုတ် လောကကြီးမှာ တစ်ခုမဟုတ်တစ်ခုသောဒုက္ခနဲ့ လူသားတွေဟာ ကြုံတွေ့ကြရလိမ့်မယ်။ ဒါဟာ ဓမ္မတာပါပဲဆိုပြီး နိဂုံးချုပ်လိုက်ပါတယ်။ ဆရာမကြီးတစ်ဦးက တက္ကသိုလ်ကိုယ်စား ကျွန်တော့်ကို အနွေးထည်တစ်ထည် လက်ဆောင်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါတယ်။



နောက်နေ့တွေမှာ ရေရှားပါးရခြင်း၊ ရေအခက်အခဲရဲ့အကြောင်းရင်းဇာစ်မြစ်ကို ရှာဖွေခဲ့ပါတယ်။ ရှမ်းကုန်းမြင့်ဘူမိသွင်ပြင်ဟာ ထုံးကျောက် (Lime stone) များပါတယ်။ မြေအောက် သဲကျောင်းတွေထဲက ဖြုန်းကျောက်တွေတူးထုတ်၊ ဖြုန်းအုတ်တွေလုပ်တံတိုင်းတွေကာခဲ့ရာက မြေအောက်ရေဟာ အောက်ကိုကျဆင်းသွားပါတယ်။ ဘုန်းကြီးကျောင်းတွေ၊ အိမ်တွေ၊ တက္ကသိုလ်တွေမှာ ရေတွင်းတွေ ဘယ်လောက်ပဲတူးတူး ရေနဲ့အလှမ်းမမီဘဲ လျှပ်စစ်ဓာတ်အား ကုန်တာသာ အဖတ်တင်ပါတယ်။ ဒီအကြောင်းခြင်းရာကို သက်ဆိုင်ရာမှာတင်ပြ၊ ပရိဝုဏ်အတွင်း မြေအောက်ကျောက်ဖြုန်းတူးတာတွေ ရပ်နိုင်ခဲ့တော့ နောက်တစ်နှစ်မှာ ကောလိပ်သောက်ရေကန်တွေ ရေပြည့်၊ မြေအောက်ရေဟာ မြင့်တက်လာပါတယ်။ စက်တွေနဲ့ ရေတင်နိုင်တာမို့ တစ်ကျောင်းလုံး ပျော်ခဲ့ကြရပါတယ်။



"ပညာရွှေအိုး" ဆိုတဲ့စကားစုဟာ တောင်ကြီးတက္ကသိုလ်ရဲ့ဆောင်ပုဒ် (Motto) ဖြစ်ပါတယ်။ ပညာရဲ့တန်ဖိုးကို လွယ်လွယ်နဲ့သိနိုင်တဲ့စကားစုဖြစ်ပါတယ်။ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတည်ဆောက်အံ့" ဆိုတဲ့ဆိုင်းဘုတ်ကိုတင် မြန်မာ့ပညာရေးမျှော်မှန်းချက်ကျောက်ပြားကို ခံ့ညားထည်ဝါစွာ စိုက်ထူခဲ့ပါတယ်။

ပညာရေးက Knowledge Age ကို ပညာခေတ်လို့ ဘာသာပြန်ဆိုပါတယ်။ ပညာခေတ်မှာ စာမသင်ပညာမသင်လို့ကတော့ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဆိုတာ ပြောဖွယ်ရာမလိုတော့ပြီ။ ဘာသာရပ်တွေကပေးတဲ့ ဗဟုသုတ (Knowledge, Lesson)၊ ကျွမ်းကျင်မှု (Skill) တွေကို ကလေးတွေရဲ့ ဦးနှောက်ထဲ မချိမဆံ့ထည့်သွင်းဖို့မဟုတ်။ ကိုယ်တိုင်လိုချင်စိတ်နဲ့ သင်ယူကြမှဖြစ်တယ်။ ပတ်ဝန်းကျင်က စိတ်ဝင်စားစရာတွေနဲ့ အံ့ဖွယ်တွေကိုသိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ပြဿနာအခက်အခဲကို ဖြေရှင်းလိုစိတ်၊ ပညာလိုချင်တဲ့စိတ်ရှိအောင် ဆရာအပေါင်းကလုပ်ပေးကြရမယ်။

- **ပတ်ဝန်းကျင်က စိတ်ဝင်စားစရာတွေနဲ့ အံ့ဖွယ်တွေကို သိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ပြဿနာအခက်အခဲကိုဖြေရှင်းလိုစိတ်၊ ကိုယ်တိုင်ပညာလိုချင်တဲ့စိတ်ရှိအောင်၊**
- **တပည့်အပေါင်းရဲ့ လောကကို အလှဆင်ပေး၊ သောကကိုဖြေပေးကြရမယ်၊ ဗြဟ္မစိုရ်တရားထွန်းကားအောင် ဆရာအပေါင်းက လမ်းညွှန်ပြသ ဖန်တီးပေးကြရမှာဖြစ်ပါတယ်။**

ဒီလိုနဲ့ ကျွန်တော်ဟာ တက္ကသိုလ်ရဲ့နောက်ခံတောင်ပြာတန်းကိုကြည့်၊ ထင်းရှူး၊ ချယ်ရီနဲ့ ဝက်သစ်ချတောဆီက ဖြတ်သန်းလာတဲ့ လေပြည်လေအေးကို ရှူကာ ကြုံကြိုက်တဲ့အခါ စပျစ်ရည်သောက်၊ ရုံဖန်ရံခါ ဗုဒ္ဓစာပေတွေဖတ်တော့ ဗုဒ္ဓဘာသာကို "စာသိ" လောက်ရှိခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာတွေဟာ အနော်ရထာမင်းကြီးလက်ထက်ကစပြီး ဗုဒ္ဓရဲ့တရားတော်အဆုံးအမတွေနဲ့အညီ ကြီးပြင်းလာကြသူတွေ၊ ၁၉ ရာစုနှောင်းပိုင်းလောက်မှာမှ လောကဓာတ်ပညာတွေကို ဆည်းပူးကြရသူတွေ ဖြစ်ပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်၊ ၁၉၅၈ ခုနှစ်မှာ မန္တလေးတက္ကသိုလ်၊ ၁၉၉၂ ခုနှစ်မှာ တောင်ကြီးတက္ကသိုလ်တွေကိုဖွင့်လှစ်ပြီး ဝိဇ္ဇာနှင့် အဆင့်မြင့်လောကဓာတ်ပညာတွေကို ဆည်းပူးခဲ့တာဖြစ်ပါတယ်။ အသိပညာ အတတ်ပညာရဖို့၊ တိုင်းပြည်ဖွံ့ဖြိုးဖို့၊ တည်ငြိမ်အေးချမ်းဖို့ပညာရေးက အားထုတ်ခဲ့ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာ အားထုတ်ဖို့လိုနေဦးမှာ ဖြစ်ပါတယ်။

အက်တမ်ခေတ်၊ အဏုမြူခေတ် ရောက်လာပြီး ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၅ ခုနှစ်နောက်ပိုင်းမှာ လောကတွင် ဗြဟ္မစိုရ်တရားတွေ ထွန်းကားဖို့လိုအပ်ကြောင်း အရှေ့၊ အနောက်နိုင်ငံတွေက ပညာရှင်တွေပြောလာကြပါတယ်။ ဗဟုသုတ (Knowledge) နဲ့ အသိဉာဏ် (Wisdom) ကို ကွဲကွဲပြားပြားသိရှိနားလည်ဖို့၊ ရေးရှုလာကြပါတယ်။ ဗုဒ္ဓရဲ့ အဆိုအမိန့်တွေ၊ တရားတွေကို ဆည်းပူးနာယူသူတွေ ပို၍တိုးလာပါတယ်။

မြတ်စွာဘုရားက ဓမ္မစကြာသုတ်ထဲမှာ အသိဉာဏ်ကို ဝိဇ္ဇာ၊ ပညာ၊ ဉာဏ်ဆိုပြီး ဖွင့်ဆိုကာ အားလုံးသုံးထားတယ်လို့ ဖတ်ရှုရပါတယ်။ အင်္ဂလိပ်စကား Knowledge က ဗဟုသုတ၊ ပညာ၊ Wisdom က အကျိုး ရှိ၊ မရှိ ဆုံးဖြတ်တဲ့ဉာဏ်လို့ အဓိပ္ပာယ်ဖော်ပါတယ်။

- ❖ ဗဟုသုတက သင့်ကို ဖွံ့ဖြိုးတိုးတက်စေပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ချမ်းသာစေပါတယ်။ ထို့အတူ လူ့လောကကြီး ပျက်စီးရာ ပျက်စီးကြောင်းလည်း အညီအမျှဖြစ်စေနိုင်ပါတယ်။
- ❖ ဗဟုသုတများခြင်းဟာ သင့်ကို ကောင်းမယ့်သဘောဆောင်သော သတ္တိ၊ ရက်ရက်ရောရော ပေးကမ်းလှူဒါန်းမှုနဲ့ ဖွဲ့နပဲကို အမြဲတစေဖြစ်စေသည်မဟုတ်၊
- ❖ **ပို၍ထူးဆန်းသည်မှာ..** ဗဟုသုတ (Knowl-edge) က အမြော်အမြင်ကို ထုတ်ပေးချင်မှ ထုတ်ပေးလိမ့်မည်။ အမြော်အမြင်ဆိုသည်မှာ ကျွန်တော်တို့ အတူတကွ လက်တွဲညီညာ စည်းစည်းလုံးလုံး ဖွံ့ဖြိုးဖို့၊ အေးအတူပူအမျှ အတူတကွ လူ့လောကကို ဖြတ်သန်းကြတဲ့အခါ အငြိုးအတေး၊ ရန်ငြိုးကင်းဖို့၊ စစ်မက်ကင်းဖို့၊ ဘေးဒုက္ခတွေနဲ့ မကြုံကြိုက်ဖို့ ကြိုတင်တွက်ဆနိုင်တဲ့ အသိဉာဏ် (Wisdom) ဟာ အလိုအပ်ဆုံးပဲ။ ဗဟုသုတချည်း မလုံလောက်ဘူးဆိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ ပညာဗဟုသုတကိုလူသားကောင်းကျိုးအတွက် လှော၍သုံးတတ်ဖို့လိုတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ဖြစ်ပါတယ်။
- ❖ ဗဟုသုတများဖို့၊ အတတ်ပညာ နည်းပညာတွေ ကျွမ်းကျင်ဖို့အတွက် သင်ယူကြရမယ်။ ကျောင်းတွေတက်၊ စာတွေတတ်အောင်၊ နည်းပညာတွေရအောင် တက္ကသိုလ်တွေကို မဖြစ်မနေတက်ကြရပေမယ်။ အသိဉာဏ်ရဖို့ကတော့ ခန္ဓာငါးပါးနဲ့ ရှုကြည့်ကြ၊ ဆည်းပူးကြရလိမ့်မယ်။ အသိဉာဏ်ရဖို့က စိတ်နဲ့ကြည့်ရမယ်လို့ တရားတော်တွေက ညွှန်းပါတယ်။

စာမျက်နှာ ၂၀ သို့ ✳

✳ စာမျက်နှာ ၁၉ မှ

**လူမှာ အဆိုးဆုံးတရားများဖြစ်တဲ့–**

လောဘ … လိုချင်တက်မက်ခြင်း၊
ဒေါသ … ခက်ထန်ခြင်း၊
မောဟ … မသိခြင်း၊
မာန … ထောင်လွှားခြင်း၊
ဣဿာ… မနာလိုခြင်း၊
မစ္ဆရိယ… ဝန်တိုခြင်း၊
ဒိဋ္ဌိ … မှားယွင်းစွာနားလည်ခြင်းတို့ကို နည်းနိုင်သမျှနည်းအောင်၊ ကင်းစင်အောင်အထိ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏ်ပိုင်းဆိုင်ရာတွေကို မြင့်မားအောင် အားထုတ်ကြရပေလိမ့်မယ်။ ကောင်း၏၊ မကောင်း၏၊ အကြောင်းနဲ့အကျိုး ဆက်စပ်၏၊ မဆက်စပ်၏ စတာတွေကို ဂဃနဏ သိမြင်နိုင်တဲ့ အသိဉာဏ်ဟာ မြင့်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ပျားသကာလိုချိုတာမို့ အသိဉာဏ်ဟာ များစွာလိုပါတယ်။

- ပညာဗဟုသုတတွေကို ဆရာ့ဝတ္တရားများအရ မျှဝေကြပါ။
- အတတ်ပညာ နည်းပညာလည်း မျှဝေကြပါ။
- တစ်သက်တာ သင်ယူမှုတွေကိုလည်း ဆက်လုပ်ကြပါ။ ဘွဲ့ရပြီးလည်း ဆည်းပူးမှ ကြီးပွားချမ်းသာမယ်။ အသိဉာဏ် (Wisdom) အဆင့်ရောက်အောင်လုပ်နိုင်ကြမှ စိတ်ရော၊ ကိုယ်ရောချမ်းသာမယ်။ စိတ်ပျော်ရွှင်မှု၊ တည်ငြိမ်အေးချမ်းမှုရကြမှာ ဖြစ်ပါတယ်။

တစ်ခါက **ဒီဃဇာနု** (Dighajanu) အမည်ရှိ လူပုဂ္ဂိုလ်တစ်ဦးဟာ ဗုဒ္ဓထံရောက်လာပြီး လူကို ပျော်ရွှင်စေတဲ့ အကြောင်းအရာတွေက ဘာတွေပါလဲလို့ မေးမြန်းရာ ဗုဒ္ဓက–


❖ ကျွမ်းကျင်မှုရှိရမယ်၊ အားတက်သရော သွက်လက်ချက်ချာ၊ စိတ်ဝင်တစားနဲ့ အလုပ်ကို ပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်ရမည်။
❖ ကိုယ့်ရဲ့ဝင်ငွေကို ကာကွယ်နိုင်ရမည်။
❖ မိတ်ကောင်း ဆွေကောင်း ရှိရမည်။ ထိုသူတို့သည် သစ္စာရှိရမည်။ ဆည်းပူးနေကြရမည်။ ဉာဏ်ကောင်းသူများ ဖြစ်ရမည်။ သဟဇာတ၊ သမာသမတ်၊ ကူညီရိုင်းပင်းသူများဖြစ်ရမည်။ မကောင်းမှုဒုစရိုက်မှ ကင်းဝေးသူများ ဖြစ်ရမည်။
❖ ငွေကြေးသုံးစွဲမှုမှာ မနည်းလွန်း၊ မများလွန်း အကျိုးအကြောင်းဆီလျော်စွာ သုံးစွဲတတ်သူဖြစ်ရမည်လို့ ဖြေကြားပေးခဲ့ပါတယ်။

**ဒီဃဇာနု**ကို ပေးခဲ့တဲ့ ဗုဒ္ဓရဲ့အဖြေတွေဟာ လူသားတစ်ဦးချင်းအတွက် ယနေ့အထိ တန်ဖိုးကြီးလှပါတယ်။ အခြေခံကျ ရိုးရှင်းလှပေမယ့် ဘဝနဲ့လက်တွေ့ အရေးကြုံလာတဲ့အခါ–

❖ ကျွမ်းကျင်မှုတွေ ရှိကြပါတယ်။ အတ္တ၊ ပရ မျှတ၊ အပြုံးမပျက်လုပ်နိုင်ဖို့လိုပါတယ်။
❖ ဝင်ငွေကိုကာကွယ်နိုင်ပါတယ်။ လောင်းကစားနဲ့ မူးယစ်ဆေးဝါးကို ဝေးဝေးရှောင်နိုင်ဖို့ လိုပါတယ်။ အသုံးနဲ့အဖြုန်း ခွဲခြားတတ်ဖို့ လိုပါတယ်။
❖ မိတ်ကောင်း ဆွေကောင်း သမာသမတ်ရှိသူ၊ အသိဉာဏ်ကောင်းသူ၊ သစ္စာရှိသူတွေနဲ့ မိတ်ဖွဲ့ပေါင်းသင်းရမှန်း သိပါတယ်။ ရှားပါးပစ္စည်းလိုဖြစ်နေတာမို့ အပေါင်းအသင်း မမှားဖို့ သတိထားကြရပေလိမ့်မယ်။
❖ အကျိုးရှိရှိ ငွေကြေးသုံးစွဲသင့်တာကို သိနားလည်ပေမယ့် နည်းမှန်း၊ များမှန်းမသိ၊ မိမိနဲ့ သင့်တင့်တဲ့ပမာဏ မည်မျှမှန်းမသိ၊ မချိန်ဆနိုင်တဲ့အဖြစ်နဲ့ ကြုံရတတ်ပါတယ်။

**"လူတို့ရဲ့စိတ်ဟာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပြည့်ကျပ်နေတဲ့အတွက် ဒုက္ခပင်လယ်ထဲမှာ တဝဲလည်လည် ဖြစ်နေကြရတယ်"** လို့ ဗုဒ္ဓက အလင်းပြခဲ့ပါတယ်။ စိတ်မှာ ပြင်းထန်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ ပုထုဇဉ်လူသားတွေကို ဒုက္ခပေးတတ်တာမို့ တော်ရုံတန်ရုံပဲ ကောင်းပါတယ်။ သာမန်လူပုဂ္ဂိုလ်တွေအနေနဲ့ နိစ္စဓူဝကိစ္စတွေကို ပုံမှန်လည်ပတ်နေနိုင်ပြီဆိုရင် စိတ်ချမ်းသာပျော်ရွှင် စရာ ကောင်းပါပြီလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

ဒီကမ္ဘာမြေဟာ နေအဝန်းအဝိုင်းထဲက ဂြိုဟ်တစ်ခုဖြစ်ပါတယ်။ စေ့စေ့ငုငု လေ့လာကြည့်ရင် သဘာဝတရားကြီးကပေးလိုက်တဲ့ လက်ဆောင်တွေထဲမှာ လူဟာ အကောင်းဆုံးလက်ဆောင်ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။



- နှုတ်အားဖြင့် စကားပြောနိုင်ခြင်း၊
- စာပေကျမ်းဂန်အားဖြင့် ဝိညာဉ်ပိုင်း စိတ်ပိုင်း အတွေးအခေါ် အယူအဆ၊ သီအိုရီတို့ကို ဖော်ထုတ်နိုင်ခြင်း၊
- အဏုမြူတမျှသေးလှတဲ့ လူ့မျက်စိနဲ့မြင်နိုင်စွမ်း မရှိတဲ့ အက်တမ်ကိုပင်မြင်ရသကဲ့သို့ ပုံဖော်နိုင်ခြင်း၊
- ကိုယ်နဲ့စိတ်ပါပြီး လကမ္ဘာကိုဆင်းနိုင်ခြင်း၊ ကိုယ်ခန္ဓာမပါဘဲ စကြဝဠာအထိ စိတ်နဲ့ ခေါက်တုံ့ခေါက်ပြန် သွားနိုင်ခြင်းဟာ လူဖြစ်ပါတယ်။ တီထွင်ဖန်တီးမှုတွေကြောင့်လည်း ယဉ်ကျေးမှုကြီး ထွန်းကားခဲ့ပါတယ်။

နောက်ဆုံး ရေခဲခေတ် (Last Ice Age) နှစ်ပေါင်း တစ်သိန်းကိုးသောင်းလောက်က အာဖရိကတိုက်မှာ လူရယ်လို့ခေါ်နိုင်တဲ့ လူသားမျိုးနွယ်စု (Homo Sapiens) စတင်နေခဲ့တဲ့အချိန်က ယနေ့ထိ ဒီကမ္ဘာကြီးမှာ လူဦးရေစုစုပေါင်း ၁၀၇ ဘီလီယံအထိ နေခဲ့တယ်လို့ဆိုပါတယ်။ အလွန်တရာ ကြမ်းတမ်းလှတဲ့ သဘာဝဘေး အန္တရာယ်ကြီးတွေကို ခက်ခက်ခဲခဲနဲ့ ဖြတ်ကျော်ခဲ့ရပါတယ်။ အသက်ကို တွယ်တာတဲ့ဒုက္ခနဲ့ ရေခဲခေတ်ကြီးကိုလည်း ဖြတ်ကျော်နိုင်ခဲ့ပါတယ်။

အန္တရာယ်ကို ဘယ်လိုကာကွယ်ရမလဲ၊ ဘယ်လိုဘယ်ပုံ ဖြတ်ကျော်နိုင်မလဲဆိုတဲ့ ကြံရည်ဖန်ရည် ဖွဲ့ လုံ့လ ဝီရိယရှိသူတွေ၊ ကြောင်းကျိုးသိမြင်နိုင်တဲ့ ဥပဒေသ (The Law of Cause and effect) ကို နားလည်တဲ့သူ၊ ရှေ့ကိုမြော်တွေးနိုင်တဲ့သူတွေဟာ ဖြတ်ကျော်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလို ဆင့်ကဲဆင့်ကဲ ဖြတ်ကျော်ခဲ့သူတွေက မွေးဖွားလာသူတွေဟာ ဒီနေ့ မျိုးဆက်သစ်တွေပဲ ဖြစ်ပါတယ်။

အားလုံးသိတဲ့အတိုင်း သတ္တဝါအပေါင်းဟာ မရဏတရားကို ဖြတ်ကျော်နိုင်တဲ့သူ တစ်ဦးတစ်ယောက်မျှမရှိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားသဘောကို နားလည်ထားကြပါတယ်။ ဒီတရားကြောင့်လည်း ဒီနေ့ကမ္ဘာမှာ လူဦးရေဟာ ၁၀၇ ဘီလီယံအထိ မရှိဘဲ ယနေ့ကမ္ဘာ့လူဦးရေ ၇ ဒသမ ၅ ဘီလီယံဟာ ယခင်လက်ကျန်မဟုတ်၊ မျိုးဆက်သစ်တွေပဲဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ် ၂၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သူတစ်ပါးအပေါ် ကောင်းမွန်သောစိတ်ထား ထားရှိပါက မိမိတွင်လည်း တူသောအကျိုးကိုရရှိနိုင်မည်ဖြစ်ကြောင်း ပညာပေးရေးဆွဲထားသည့် "ပုပုပါဝင်သည့် ကိုယ်ပျောက်ဝိဇ္ဇာ" မျက်နှာဖုံးဇာတ်လမ်း၊ ဝါခေါင်လတွင် ကျရောက်သည့် စာရေးတံမဲပွဲအကြောင်းကို ဗဟုသုတ ဖြစ်ဖွယ် တင်ဆက်ထားသည့် "ဝါခေါင်လနှင့် စာရေးတံမဲပွဲ" သုတဆောင်းပါး၊ အပေါင်းအသင်းများကို ပေါင်းသင်းရာ၌ ကောင်းမွန်သောသူများကိုသာ ပေါင်းသင်းသင့်ကြောင်း ပညာပေး တင်ဆက်ထားသည့် " ခွေးတောက် သရက် ပင်ချင်းယှက်တော့" နှစ်မျက်နှာ ကာတွန်း၊ အကြီးပီပီ ငယ်ရွယ်သူများကို သနားငဲ့ညှာတတ်သော မိုးသဲအကြောင်းကို တင်ဆက်ထားသည့် "ကလေးခေါင်းဆောင်" ကလေးဝတ္ထု၊ သတိအလွန်မေ့တတ်လွန်းသော ဦးအောင်ကြီးအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် " ဦးအောင်ကြီး" တစ်မျက်နှာ ကာတွန်း၊ မိမိဘဝကို မကျေနပ်ဘဲ အခြားသူများ ဘဝကို လောဘတကြီးဖြင့် ရယူလိုသောဆန္ဒကြောင့် ပုံစံပြောင်းသွားသော ကြက်ဟင်းခါးသီးအကြောင်းကို အတုယူဖွယ်တင်ဆက်ထားသည့်




" အခါးဒဏ္ဍာရီ" ပုံပြင်၊ သူတစ်ပါးကို ကူညီဆောင်ရွက်ပေးပါက မိမိအခက်အခဲကြုံသောအခါတွင် အကူအညီရနိုင်ပုံကို တင်ဆက်ထားသည့် "စည်းကမ်းရှိမှ ပျော်ရွှင်ရ" နှစ်မျက်နှာကာတွန်း၊ တည်းခိုခန်းတစ်ခုသို့ သွားရောက်တည်းခိုသောအခါ တည်းခိုမည့်သူနှင့် ဧည့်သည်လက်ခံသည့်သူတို့ အပြန်အလှန်ပြောဆိုပုံဖြင့် တင်ဆက်ထားသည့် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



(၁၈-၈-၂၀၁၂ မှ အဆက်)

အပိုင်း (၆)

နိဂုံး

ဖြစ်ရပ်အားလုံးကို ပြန်တွေးနေရင်း သက်သက် မျက်လုံးအစုံကို ယောင်၍ ပိတ်လိုက်မိ၏။

အမှောင်ထုတစ်ခုက သက်သက်၏ အမြင်အာရုံထဲ လာရောက်လွှမ်းမိုးသွားသည်။ ပြီးမှ သတိဝင်ပြီး မျက်လုံးကို ပြန်ဖွင့်လိုက်သည်။

ရထားတွဲထဲမှအပ အပြင်ဘက်လောကကြီးတစ်ခုလုံး၌လည်း အမှောင်ထုကပင် ကြီးစိုးလျက်ရှိနေပြီ။ သည်တော့မှနေပူချိန်ကတည်းက သူ့အတွေးထဲတွင် နစ်သွားမိသည်မှာ မိုးချုပ်လို့ မိုးချုပ်မှန်းပင် မသိလိုက်ပါလားဟု သတိရသည်။ သက်သက်က နာရီကို ငုံ့ကြည့်လိုက်၏။ ည (၇)နာရီ ထိုးနေပြီ။

သည်တိုင်းဆို ရထားသည် ကျောက်ဆည်ကိုပင် ကျော်ခဲ့ပေပြီ။ အချိန်မှန်အတိုင်းသာဆိုက်ပါက မန္တလေးသို့ ည (၈) နာရီကျော်ကျော်လောက် ရောက်သွားနိုင်သည်။

ယခုမှလည်း တစ်နေ့ခင်းလုံးနှင့် တစ်ညနေလုံး သူ ဘာမှမစားမသောက်ရသည်ကို သတိရသည်။ သို့သော် အခုမှတော့ မထူးတော့။ ခြင်းတောင်းတွင်ပါလာသော ရေပုလင်းမှ ရေပဲသောက်၍ မန္တလေးရောက်မှပင် တစ်ခုခုစားတော့မည်ဟု ဆုံးဖြတ်သည်။ တစ်ကိုယ်လုံးလည်း မလှုပ်မယှက် အကြာကြီးနေထားသဖြင့် တင်းတောင့် ညောင်းညာနေပြီ။ အညောင်းလည်း ပြေသွားရန် ထရပ်လိုက်ရင်း တွဲအိမ်သာဘက်ဆီ လျှောက်လာခဲ့သည်။

အိမ်သာတွင် အပေါ့အပါးသွား၊ ရေဘုံပိုင်ကြွေခွက်တွင်လည်း ဘုံပိုင်ဖွင့်၊ ရေကိုလက်ဖြင့်ခံပြီး မျက်နှာနှင့် ကုပ်ပိုးကို နည်းနည်းဆွတ်သည်။ သည်တော့မှ အနည်းငယ်လန်းဆန်းသွား၏။ ထိုင်ခုံနေရာ ပြန်ရောက်သောအခါ ခြင်းထဲမှ ရေပုလင်းထုတ်၍ တစ်ခွက်သောက်သည်။ သူ့ထိုင်ခုံက အထက်တန်းတွဲ "ကနံပါတ်ဘက်မို့ ဘေးမှာ ခုံမရှိ။ တစ်ခုံတည်းဖြစ်သည်။

သက်သက်က သူ့ဆိုဖာထိုင်ခုံပေါ် ခြေနှစ်ဖက်ပါတင်၍ ကျုံ့ကျုံ့ထိုင်လိုက်ပြီး တွဲပြင်ကို တစ်ခါလှမ်းကြည့်သည်။ ဆောင်းလယ် ဇန်နဝါရီရက်မို့ အရှေ့ဘက် ကောင်းကင် မှုန်းတိမ်းလောက်တွင် လိပ်တာရာကြယ်စုကြီးကိုလှမ်းမြင်နေရပြီ။

သိပ်သည်းနေသော အမှောင်ထုကြောင့် ကြည်လင်သော ကောင်းကင်တွင် ကြယ်အားလုံးကို အလင်းလွန်လျက် မြင်ရသည်။ လိပ်တာရာ၏ ဦးခေါင်းဖြစ်သော မိဂသီနက္ခတ်၊ ကိုယ်ထည်ပေါ်မှ မောင်ရင်ဆိုင်းထမ်း၊ ရေမှုတ်ကမ်းတို့သည်လည်း ထင်လင်းလျက်။

စိတ်ထဲတွင် မြောက်ဘက်ကောင်းကင်မှ ဓူဝံကြယ်ကို သတိရသည်။ ရထားက မြောက်ဘက်သို့ ဦးတည်ခုတ်မောင်းနေသည်မို့ ဓူဝံကြယ်ကို မမြင်ရ။ သို့သော် ကိစ္စမရှိပါ။ တခြားကြယ်တာရာများက အချိန်နှင့် ရာသီလိုက်၍ ကောင်းကင်ပေါ်တွင် နေရာပြောင်းလဲမည်ဖြစ်သော်လည်း ဓူဝံကြယ်ကတော့ ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်ရာသီမှ ရွှေ့ပြောင်းတတ်ခြင်းမရှိပါ။ သူ့နေရာမှာ သူ အမြဲရှိပါလိမ့်မည်။

သည်တစ်ခါ ဓူဝံကြယ်ကို နိုင်လင်းအဖြစ် မမြင်မိတော့။ နိုင်လင်းက သူ့အမှားဒဏ်ဖြင့် များစွာ ပြောင်းလဲသွားခဲ့ပြီ။

သည်အခါ သက်သက်စိတ်၌ ဓူဝံကြယ်ကို လောကကြီးအတွင်းမှ ရေးမထားသော တရားဥပဒေများအဖြစ် မြင်လာသည်။ ဓူဝံကြယ်သည် လောကကြီး၏ ရေးမထားသော တရားဥပဒေများကဲ့သို့ပင် ထာဝရတည်တံ့ခိုင်မြဲနေသည့် ကြယ်ဖြစ်သည်။

မန္တလေးရောက်ခါနီးပြီမို့ သက်သက်ခေါင်းထဲ သီပေါမင်း၊ စုဖုရားကြီး၊ စုဖုရားလတ်နှင့် ဒိုင်းခင်ခင်တို့၏ဇာတ်လမ်းများကိုလည်း သတိရ၏။

နောက်ဆုံးတော့ ကုန်းဘောင်ခေတ်က ဇာတ်လမ်းအတိုင်းပင် နှစ်ဆယ်ရာစု အကုန်ပိုင်း၌လည်း အမည်၊ ဒေသ၊ အချိန်နှင့် အဖြစ်အပျက် မသိမသာလွဲရုံ ပြောင်းပြီး တစ်ခါ ထပ်ဖြစ်လိုက်ကြပြန်သည် မဟုတ်ပါလား။

x x x x x

လောက၏ တရားဥပဒေသည် အားလုံးကို သူ့ပုဒ်မနှင့်သူ တပ်၍ အပြစ်ပေးနိုင်ခဲ့ပေသည်ဟု သက်သက် တွေးမိ၏။

နောက်ဆုံးနေ့၏ ကြေကွဲထိတ်လန့်ချောက်ချားဖွယ် အဖြစ်ဆိုးကြီး၏ ရလဒ်ကို စာရင်းချုပ်သော် မြမိုးသူသည် သံချွန်ဖြင့် ထိုးမိသော ဒဏ်ရာဖြင့် သေဆုံး၍ နိုင်လင်းက လူသတ်မှုဖြင့် အဖမ်းခံရသည်။ စစ်ဆေးပြီးနောက် ထောင်ဒဏ်အပြစ်ပေး စီရင်ခြင်းခံရ၏။

သက်သက်ကျတော့ ထိုနေ့က ဆက်တိုက် ကြုံလိုက်ရသော ကြေကွဲဖွယ်အဖြစ်ဆိုး၊ ထိတ်လန့်ချောက်ချားဖွယ် အဖြစ်ဆိုးတို့ကြောင့် သွေးပျက်သွားသည်။ အရူးတစ်ယောက်လိုဖြစ်၍ ဖောက်ပြန်ပြောင်းလဲသွားသောစိတ်ကို စိတ္တဇဆေးရုံတက်၍ လပေါင်းများစွာ ကုသခဲ့ရသည်။

ကြားထဲက မြေစာပင်ဖြစ်၍ ဆုံးပါးသွားရသူကလေး သားသားအတွက် သက်သက် ဘယ်လိုမှ ယူကျုံးမရ။ မမဦးနှင့် ခင်မြင့်ဆွေတို့သည်လည်း ဤအဖြစ်အပျက်များကိုကြည့်၍ အဘယ်မျှ စိတ်မကောင်းဖြစ်ကြရမည် မသိ။ သူတို့သည်လည်း ဤဇာတ်လမ်းတွင် အရေးပါသောဇာတ်ကောင်များပင်။

ရေးမထားသော တရားဥပဒေ၏ အပြစ်ပေးခြင်းကလည်း ထိုက်ထိုက်တန်တန်ရှိလှပါ၏။ မြမိုးသူလို သေသွားသည်ကမှ စိတ်သောက ကြာရှည်ခံစားချိန်မရဘဲ သက်သာသေးသည်။

အဓိကတရားခံများဖြစ်သော နိုင်လင်းနှင့် သက်သက်တို့ကတော့ တစ်ဘဝလုံး စိတ်သောကကြီးများ ရင်ဝယ်ပိုက်၍ ယူကျုံးမရ အပြစ်ကြီးစွာ ဆက်ခံရဦးမည်။ ပိုအပြစ်ကြီးသော နိုင်လင်းကတော့ ခုတိုင်လည်း ရဲဘက်စခန်းမှာ ပြစ်မှုကြွေးကို ချွေးဖြင့် ဆပ်နေရဆဲဖြစ်သည်။ တစ်သက်လုံးလည်း စိတ်ဆင်းရဲရဦးမည့်အပြင် နောက်ဘဝ၌ပါ ငရဲအပြစ်က အဆစ်ပါနေပေဦးမည်မှာ မုချ။

သူကတော့ နိုင်လင်းထက်မကပင် အပြစ်ဒဏ်ခံစားထိုက်သည်ဟု သက်သက်တွေးသည်။ ဤအဖြစ်အပျက်ကြီးတစ်ခုလုံးကို ခြုံငုံစဉ်းစားလျှင် သစ္စာမဲ့သော၊ မတည်ကြည်သော၊ ဖောက်ပြန် ယိမ်းယိုင်တတ်သော ယောကျ်ားမိုက်တစ်ယောက်အဖြစ် အဓိကတရားခံနေရာမှာပါသော နိုင်လင်းအပြစ်က တစ်မျိုး။

သို့သော် ဒုတိယနှင့် အဓိကတရားခံကတော့ သက်သက်ဖြစ်၏။ သက်သက်လို မိန်းကလေးများ ရှိနေသည့်အတွက်ကြောင့်လည်း နိုင်လင်းလိုလူမျိုးများအတွက် ဖောက်ပြန်ခွင့်၊ မတည်ကြည်ခွင့်၊ သစ္စာမဲ့ခွင့်များ ရနေခြင်းပင်ဖြစ်သည်။ သက်သက်ဘက်က အမှားများမှာ နည်းနည်းနောနော မဟုတ်။

ဘယ်ကစမှားသလဲမေးလျှင် ဟိုးအစဦးကတည်းက မှားခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လိုအပ်သည်ထက် ပိုမိုရင်းနှီးဖို့ ကြိုးစားကတည်းက သက်သက် သတိအလိမ္မာရှိစွာ နောက်ဆုတ်လိုက်ဖို့ ကောင်းသည်။

နောက်ပိုင်းတွင်လည်း ပတ်ဝန်းကျင်ကို ဂရုမစိုက်သည့်ကိစ္စများ၊ အရှဲ့တိုက်ခြင်း၊ ဇွတ်ပေမိုက်မဲခြင်းကိစ္စများ၊ မိန်းမချင်း ကိုယ်ချင်းမစာမှုများ အပြစ်များ စုံသည်။ ထိုပြစ်မှုများကိုသာ ပုဒ်မတပ်လို့ရလျှင် ရာဇသတ်ကြီး တစ်စောင်လုံးသုံး၍ တရားစွဲဆိုနိုင်၏။

သည့်အတွက် သူလည်း တစ်သက်လုံး စိတ်ဆင်းရဲသောက ဒုက္ခဖြစ်စွာဖြင့် ခံရပေဦးမည်မှာ သေချာသည်။ အခုခံစားပြီးသမျှပင် မနည်းတော့။

မိန်းကလေးများ အလွန်သတိပြုသင့်သော သင်ခန်းစာဖြစ်သည်ဟု သက်သက် တွေး၏။

သက်သက် စိတ်ထဲတွင် တစ်ခါက ဖတ်ဖူးသော တေးထပ်ထဲကလိုပင် ဤအဖြစ်အပျက်ကိုလည်း "ဒေါင်းယာဉ်ပျံ" ဟုခေါ်သည့် နေမင်း၏နံဘေး၌ စာရေး၍ ထားချင်လှသည်။

ကမ္ဘာတည်သရွေ့ မပျောက်ပျက်မည်ဖြစ်သော ကပ္ပဋ္ဌိငါးသွယ်အဖြစ်သာ ရှိနေပါက မည်မျှကောင်းမည်နည်း။ ရေးထားသော ဓမ္မသတ်၊ ဖြတ်ထုံး၊ တရားဥပဒေများက အပြစ်မရှိဟု ဆိုရုံနှင့် ရေးမထားသော လောကတရားဥပဒေများကို ဖောက်ဖျက်ကျူးလွန်နေသူတို့သည် လောက၌ များပြားလွန်းလှ၏။

ထိုသူတို့သည် ဝဋ်ကိုမကြောက်ကြသလော၊ ငရဲကိုမကြောက်ကြသလော...။ သူတစ်ပါးကို စိတ်ဆင်းရဲအောင်၊ မျက်ရည်ပေါက်ကြီးငယ်ကျအောင် ပြုမှားမိလျှင် မိမိ၌လည်း ထပ်တူထပ်မျှမက တန်ပြန်ခံစားရတတ်ကြောင်း မတွေးမိမကြောက်မိကြသလော။

ဘာမှ မကြောက်ဘူးဆိုသည့်သူများရှိကောင်းရှိနိုင်သည့်တိုင် ကောင်းကင်ပြင်တွင် ကမ္ပည်းတင်ထားသည့် ဤဇာတ်လမ်းကို ဖတ်မိမြင်မိပါက ကြောက်သောသူများ ပေါ်ကောင်းပေါ်လာပေလိမ့်မည်။

အထူးသဖြင့် သက်သက်ကိုယ်တိုင်က မိန်းမသားမို့ မိန်းမသားများကို ပိုကြောက်စေချင်သည်။ ယောကျ်ားများကတော့ ယောကျ်ားလိုပင် ကျင့်ကြံအားထုတ်သွားပေလိမ့်မည်။ သူတို့အတွက်လည်း လောကကြီးက ကြည့်နေသည်မဟုတ်။ သို့အတွက် သူတို့ကိစ္စကို သက်သက် စိတ်မဝင်စား။ မိန်းမများကသာ ကိုယ့်ဘဝတူ မိန်းမချင်း စာနာစိတ်၊ နောင်တစ်ကြိမ် ကိုယ့်၌ ဝဋ်ပြန်လည်လာနိုင်သည်ဆိုသည်ကို သိပြီး ကြောက်သည့်စိတ်၊ သားသမီးများ၏ နောင်ရေးကို တွေး၍ စိုးရိမ်သောစိတ်၊ စိတ်ပေါင်းများစွာကို အခြေတည်ပြီး ကိုယ့်ဘဝတွင် ဤအဖြစ်မျိုး မဖြစ်ပွားရန် ကြောက်ခြင်းတရားများ ပေါ်ပေါက်စေချင်သည်။

စာရင်းချုပ်တော့လည်း အထိနာသည့်ဘက်က မိန်းမများသာ ဖြစ်သည်။ မိန်းမဘဝက ထာဝရ အနစ်နာများသည့် ဘဝ။

ကြောက်သင့်ပါလျက် မကြောက်ဟုဆိုသည့် မိန်းကလေးများရှိနေသေးသည့်တိုင် ကြုံဖူးသည့်သူကတော့ လောကကို တာဝန်ကျေသည့်အနေနှင့် ဤကမ္ပည်းကို ထိုးကို ထိုးထားချင်လှပေသည်။ နှစ်ယောက်ဖတ်၍ တစ်ယောက်ကြောက်လျှင်ပင် တစ်ယောက်စာအတွက် သက်သက်ကုသိုလ်ရနိုင်၏။ ထိုတစ်ယောက် စိတ်ချမ်းသာနိုင်၏။

"ကြောက်ကြပါစေ" ဟုလည်း သက်သက် ဆုတောင်းသည်။ ယင်းဆုတောင်းလေး ပြည့်ပါစေဟုလည်း သက်သက်တောင့်တမိ၏။ သက်သက်ကတော့ အကြောက်ကြီးကို ကြောက်နေမိပေပြီ။

မန္တလေးရောက်လျှင် စစ်ကိုင်းသို့ကူး၍ မိဘများကို ကန်တော့မည်။

စာမျက်နှာ ၂၂ သို့ ■




**သက်သက်လို မိန်းကလေးများ ရှိနေသည့်အတွက်ကြောင့်လည်း နိုင်လင်းလိုလူမျိုးများအတွက် ဖောက်ပြန်ခွင့်၊ မတည်ကြည်ခွင့်၊ သစ္စာမဲ့ခွင့်များ ရနေခြင်းပင်ဖြစ် . . .**

**အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လိုအပ်သည်ထက် ပိုမိုရင်းနှီးဖို့ကြိုးစားကတည်းက သက်သက် သတိအလိမ္မာရှိစွာ နောက်ဆုတ်လိုက်ဖို့ . . .**

**နောက်ပိုင်းတွင်လည်း ပတ်ဝန်းကျင်ကို ဂရုမစိုက်သည့်ကိစ္စများ၊ အရှဲ့တိုက်ခြင်း၊ ဇွတ်ပေမိုက်မဲခြင်းကိစ္စများ၊ မိန်းမချင်း ကိုယ်ချင်းမစာမှုများ . . .**

# ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း အသိပေးနှိုးဆော်



**ကသာ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ရောဝတီမြစ်ရေမြင့်တက်လာပြီး နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိလာနိုင်ကြောင်း သိရသည်။

**အသိပေးနှိုးဆော်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မြစ်ရေကြီးခြင်းထုတ်ပြန်ချက်အရ ကသာမြို့၏ မြစ်ရေချိန်အမှတ်မှာ ၉၄၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ နောက်လေးရက်အတွင်း ကသာမြို့၏ မြစ်ရေချိန်စိုးရိမ်အမှတ်ဖြစ်သော ၁၀၄၀ စင်တီမီတာသို့ ရောက်ရှိလာနိုင်သဖြင့် ကသာမြို့နယ် ကျောက်ထုံးကြီးနယ်မြေနှင့် အင်းရွာနယ်မြေစခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ကျောက်ထုံးကြီးကျေးရွာအုပ်စုအတွင်းရှိ ဝေဆွယ်ကျေးရွာ၊ စစ်ကုန်းကျေးရွာ၊ လက်ပန်ဇင်ကျေးရွာ၊ ငွေ့ကြီးကျေးရွာနှင့် အင်းရွာကျေးရွာအုပ်စုအတွင်းရှိ အင်းရွာကျေးရွာ၊ သပြေသာကျေးရွာ၊ ဦးစောကျွန်းကျေးရွာ၊ ပိန်းတောကျေးရွာများ၌ မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသူများကို အထူးသတိပြုကြရန်နှင့် ကျွဲနွားများကို ကြိုတင်ရွှေ့ပြောင်းကြရန် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# ရွှေတောင်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးပြီးစီး



**ရွှေတောင် ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၌ ယနေ့အပြီးသတ်ပြန်လည်ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေများကို ငွေကျပ်သိန်းပေါင်း ၂၄၅၀ ချေးပေးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ ယနေ့တွင် ကျေးရွာပေါင်း ကိုးရွာမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသေးစား ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်လိုသူ ၉၇၀ ကျော်အတွက် ထုတ်ချေးပေးပြီး ချေးလိုသူ၏လက်ဝယ်သို့ မှန်မှန်ကန်ကန် ရောက်နိုင်ရေးအတွက် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူနှင့် တာဝန်ရှိသူများက နေ့စဉ် အွန်လိုင်းစနစ်ဖြင့် ကြီးကြပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ချေးငွေကျပ်သိန်းပေါင်း ၂၄၅၀ ထုတ်ချေးရာတွင် ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်း ပြား ၅၀ ဖြင့် ချေးပေးခဲ့ခြင်းဖြစ်ကြောင်း ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

■ စာမျက်နှာ ၂၁ မှ

ဝဋ်ကြွေးအဖြစ် ဘဝတစ်လျှောက်လုံး ခံစားရမည်ဖြစ်သော စိတ်သောက၊ ဝေဒနာများနှင့် နောင်ဘဝ ဘဝများတွင် တင်ကောင်း တင်လာနိုင်မည်ဖြစ်သော ငရဲကြွေးကို ကုစားပေးဆပ်နိုင်ရန် အလို့ငှာ မိဘများထံ ကန်တော့ခွင့်ပန်ပြီးသည်နှင့် သက်သက် လူဝတ်ကြောင်ကို စွန့်တော့မည်။

သက်သက် ဘဝတွင် ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်မှအပ အားကိုးရာ မမြင်တော့။

စစ်ကိုင်းချောင်၏ ဓမ္မရိပ်သာတစ်ခုတွင် သီလရှင်အဖြစ် တစ်သက်လုံးနေထိုင်သွားလျက် သူနှင့် ကြုံတွေ့သူလူတိုင်းအား အလျဉ်းသင့်လျှင် သင့်သလို ဤဇာတ်ကြောင်း ပြောပြလျက် တရားကို သိစေမည်။

ထိုတရားကို နာသူများ၏ နှလုံးသားရင်ပြင်၌ ထိုကမ္ဘည်းဇာတ်လမ်းတင်ကျန်ရစ်ပြီး အဆင်ခြင်သတိ ထိုလူတွင် ရရှိသွားပါက ကပ္ပဋ္ဌိတရားအဖြစ် ကောင်းကင်၌ မရှိနိုင်သည့်တိုင် နှလုံးသားချင်း လက်ဆင့်ကမ်း၍ ကပ်ကမ္ဘာတစ်ခုလုံး ဆုံးသည်အထိ လူသားရှိသမျှက သယ်ဆောင်သွားနိုင်၏။ သို့ဆိုလျှင်လည်း အကျိုးတရားချင်းက အတူတူသာဖြစ်လျက် လူသားများစွာကို သူတို့ကျူးလွန်သော အမှားများမှ ကြိုတင်တားမြစ်ခြင်း ပြုနိုင်ပါလိမ့်မည်။

ထိုအခါ ဤကမ္ဘာမြေပြင်တွင် နောက်ထပ် သည်အဖြစ်မျိုး ဘယ်အခါမှ မဖြစ်တော့ဘဲ လူသားအားလုံးသည်လည်း ငြိမ်းချမ်းရပေလိမ့်မည်။ အထူးသဖြင့် ကိုယ့်လို မိန်းကလေးများပေါ့။

ဤတရားကို များစွာ ဟောရပါစေ၊ ဤစကားကို ကြားနာရသော နှလုံးသားရှိသူတိုင်းကလည်း လက်ဆင့်ကမ်း၍ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပြန့်ပွားအောင် လုပ်နိုင်ကြပါစေ။ မိန်းမသားတို့၏ ကြေကွဲဖွယ်အဖြစ်အပျက်များ ကမ္ဘာတည်သရွေ့ ပပျောက်နိုင်ကြပါစေ။

စူဠသုဘဒ္ဒါလို၊ စုဖုရားလတ်လို၊ ဒိုင်းခင်ခင်လို၊ သက်သက်လို၊ မြမိုးသူလို မိန်းကလေးမျိုးများ ဤကမ္ဘာပေါ်မှာ နောက်ထပ် မပေါ်ကြပါစေနှင့်။

ဤသို့ပင် စေတနာထား၍ ဤသို့ပင် ဆုတောင်းမိပါသည်။

ထို့အပြင် ဤမှန်သော စေတနာ ယုံကြည်မှု တရားကြောင့် သက်သက်ကိုယ်တိုင်လည်း ဘဝဆက်တိုင်း ဤအဖြစ်မျိုးနှင့် ထပ်မကြုံရ မဆုံရပါစေနဲ့ဟု မြတ်ဗုဒ္ဓထံပါး၌ သက်သက် အခါခါ ဆုတောင်းလျက် ရှိနေပါ၏။

သံသရာဆိုသည်က ဤရထားကြီးနည်းတူ တစ်ဘူတာဝင်၊ တစ်ဘူတာထွက်၊ တစ်ခေါက်သွား၊ တစ်ခေါက်ပြန်နှင့် မရပ်မနား ရှိနေသေးဦးမည် မဟုတ်ပါလား… ။

**ကြိုးစားပါဦးမည်။**

**နှမ်ဂျာသိုင်း**

**(၁၉. ၁၂. ၈၆)**

**နံနက် (၃:၃၀)နာရီ**


x x x x x

(ဆရာနှမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## အနုပညာ

# စကားလက်ဂျိုဟန်ဆန် သားလေးမွေးဖွား



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ စကားလက်ဂျိုဟန်ဆန်ဟာ မကြာသေးမီက သားလေးမွေးဖွားခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စကားလက်ဂျိုဟန်ဆန်နဲ့ ကောလင်းဂျို့စ်တို့ရဲ့ ရင်သွေးလေးမွေးဖွားခဲ့ပြီဖြစ်ကြောင်း ကောလင်းဂျို့စ်က လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ပထမဆုံး ရင်သွေးလေးဟာ သားလေးဖြစ်ပြီး ကော့စ်မိုလို့ အမည်ပေးထားကြောင်း သိရပါတယ်။

ဒီအကြောင်းကို ကောလင်းဂျို့စ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာပါ။ စကားလက်ဂျိုဟန်ဆန်နဲ့ ဆက်သွယ်မေးမြန်းခဲ့ရာမှာတော့ သူ့ရဲ့ ကိုယ်စားလှယ်တစ်ဦးက ရင်သွေးလေးမွေးဖွားခဲ့သည်မှာ မှန်ကန်ကြောင်း အတည်ပြုခဲ့ပေမယ့် နောက်ထပ်အချက်အလက်တွေ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။

**အေးပြည့်-ရေးသားသည်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်စောင့်ကြည့်မှုစည်းမျဉ်းတွေကနေ ကင်းလွတ်ခွင့်ရခဲ့တဲ့ နီကိုးကစ်မန်း

ကျော်ကြားတဲ့ ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦးဖြစ်သူ နီကိုးကစ်မန်းဟာ လတ်တလောမှာ ဟောင်ကောင်ကို ရုပ်သံဇာတ်လမ်းတွဲရိုက်ကူးဖို့ရာ ရောက်ရှိခဲ့ရာမှာတော့ သူ့ကို တာဝန်ရှိသူတွေက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်စောင့်ကြည့်မှုစည်းမျဉ်းတွေကနေ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟောင်ကောင်မှာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာမှု ကန့်သတ်ချက်တွေ တိုးမြှင့်ထားပေမယ့် ဩစတြေးလျလူမျိုးမင်းသမီး နီကိုးကစ်မန်းကိုတော့ ကန့်သတ်ချက်တွေကနေ ကင်းလွတ်ခွင့်ပြုခဲ့တာဖြစ်ကြောင်း ဒေသတွင်းအွန်လိုင်းမီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

အသက် ၅၄ နှစ်အရွယ် နီကိုးကစ်မန်းဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဟောင်ကောင်ကို ရောက်ရှိကာ ဈေးဝယ်ထွက်တာတွေ၊ ရုပ်ရှင်ရိုက်ကူးတာတွေ လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ဟောင်ကောင်ကို ဝင်ရောက်ကြတဲ့ အခြားသောသူတွေအတွက် ဟိုတယ်မှာ ရက်သတ္တသုံးပတ်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူရမှာဖြစ်ပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ မြင့်မားနေတဲ့နေရာတစ်ခုဖြစ်တဲ့ ဆစ်ဒနီကနေ ရောက်ရှိလာတဲ့ နီကိုးကစ်မန်းကတော့ အသွားအလာကန့်သတ်ချက် စည်းမျဉ်းတွေကနေ ကင်းလွတ်ခွင့်ရခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။






၂၀၁၉ ခုနှစ်အတွင်းက အာဖရိကနိုင်ငံများဖလားနှင့်အတူ အယ်လ်ဂျီးရီးယားကစားသမားများ အောင်ပွဲခံစဉ်။

## အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အယ်လ်ဂျီးရီးယား နဲ့ အိုင်ဗရီကို့စ် ထိပ်တိုက်တွေ့ဆုံနေ

ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကျင်းပမယ့်ရက် နှောင့်နှေးခဲ့ရတဲ့ ၂၀၂၁ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို လာမယ့်နှစ်အတွင်းမှာ ကင်မရွန်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်ပြီး အဲဒီပြိုင်ပွဲမှာ လက်ရှိချန်ပီယံ အယ်လ်ဂျီးရီးယားအသင်းဟာ ချန်ပီယံဟောင်း အိုင်ဗရီကို့စ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ အသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး ဇန်နဝါရီ ၉ ရက်ကနေ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ အုပ်စုခြောက်အုပ်စုကနေ အုပ်စုပထမနေရာနဲ့ အုပ်စုဒုတိယနေရာက အသင်းတွေဟာ ၁၆ သင်းရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပြီး အုပ်စုအဆင့်ရဲ့တတိယနေရာက အကောင်းဆုံးအသင်းလေးသင်းဟာလည်း ရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပါတယ်။

အယ်လ်ဂျီးရီးယားအသင်းဟာ အုပ်စု(E)မှာ ဆီယာလီယွန်အသင်း၊ အီကွေတိုရီရယ်ဂီနီအသင်း၊ အိုင်ဗရီကို့စ်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပါတယ်။ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ သုံးကြိမ်ချန်ပီယံဖြစ်ထားတဲ့ နိုင်ဂျီးရီးယားအသင်းဟာ အုပ်စု(D)မှာ တိုက်စစ်မှူး မိုဟာမက်ဆာလာရဲ့ အီဂျစ်အသင်း၊ ဆူဒန်အသင်း၊ ဂီနီယာ-ဘစ်ဆောအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အာဆင်နယ်တိုက်စစ်မှူး အူဘာမေယန်ရဲ့ ဂါဘွန်အသင်းကတော့ အုပ်စု(C)မှာ မော်ရိုကိုအသင်း၊ ဂါနာအသင်း၊ ကိုမိုရိုကျွန်းစုအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဆာဒီယိုမာနေးရဲ့ ဆီနီဂေါအသင်းကတော့ အုပ်စု(B)မှာ ဇင်ဘာဘွေအသင်း၊ ဂီနီယာအသင်း၊ မာလာဝီအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ဆီနီဂေါအသင်းဟာ ၂၀၁၉ ခုနှစ်အတွင်းက ကျင်းပခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာ အယ်လ်ဂျီးရီးယားအသင်းကို ရှုံးနိမ့်ပြီး ချန်ပီယံဖြစ်ခွင့်နဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမယ့် ကင်မရွန်းအသင်းကတော့ အုပ်စု(A)မှာ အီသီယိုးပီးယားအသင်း၊ ကိတ်ဗာဒီအသင်း၊ ဘာကီနာဖာဆိုအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အုပ်စု(F)မှာတော့ ဂမ်ဘီယာအသင်း၊ တူနီးရှားအသင်း၊ မာလီအသင်း၊ မော်ရီတေးနီးယားအသင်းတို့ဟာ တစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပါတယ်။

## လီဗာပူးအသင်းရဲ့ လုပ်ခလစာ အမြင့်ဆုံးကစားသမား ဖြစ်လာဖို့ရှိနေတဲ့ မိုဟာမက်ဆာလာ




လီဗာပူးအသင်းဟာ အသင်းရဲ့ အားထားရတဲ့ကစားသမားတစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာကို နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ဆွေးနွေးမှုတွေပြုလုပ်နေပြီး မိုဟာမက်ဆာလာဟာ အသင်းရဲ့ လုပ်ခလစာအမြင့်ဆုံးကစားသမားဖြစ်လာဖို့လည်း ရှိနေတာဖြစ်ပါတယ်။

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ နည်းပြကလော့ရဲ့ လီဗာပူးအသင်းမှာ အရေးပါဆုံးကစားသမားတွေထဲက တစ်ဦးဖြစ်ပြီး လက်ရှိ ၂၀၂၃ ခုနှစ်အထိ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းအရ တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းရရှိနေတာဖြစ်ပါတယ်။

လီဗာပူးအသင်းက တိုက်စစ်မှူး မိုဟာမက်ဆာလာကို ၂၀၂၅ ခုနှစ်အထိ အသင်းမှာဆက်ရှိနေဖို့အတွက် နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ရှိနေပြီး လက်ရှိမှာ လီဗာပူးအသင်းရဲ့ လုပ်ခလစာအမြင့်ဆုံးကစားသမားအဖြစ် နောက်တန်းကစားသမား ဗန်ဒိုက်က တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းနှစ်သောင်း ရရှိနေတာဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ၂၀၁၇ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလ အတွင်းက အီတလီစီးရီးအေကလပ်ရိုးမားအသင်းကနေ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကတည်းက လီဗာပူးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်ပွဲစဉ်စုစုပေါင်း ၂၀၄ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုးစုစုပေါင်း ၁၂၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး မိုဟာမက်ဆာလာအနေနဲ့ လီဗာပူးအသင်းနဲ့ နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့မယ်ဆိုရင် နောက်တန်းကစားသမားဗန်ဒိုက်ရဲ့ လုပ်ခလစာကို ကျော်လွန်ပြီး လီဗာပူးအသင်းရဲ့ လုပ်ခလစာ အမြင့်ဆုံးကစားသမား ဖြစ်လာတော့မှာဖြစ်ပါတယ်။

## အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ လွဲရတော့မယ့် လက်ရှိချန်ပီယံ ဒိုမီနစ်သီယမ်

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံ ဒိုမီနစ်သီယမ်ဟာ အခုနှစ်အတွင်းကျင်းပမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲအပါအဝင် ၂၀၂၁ ခုနှစ်ရဲ့ လက်ကျန်တင်းနစ်ပြိုင်ပွဲအားလုံးကိုလည်း လွဲချော်ရဖို့ရှိနေတယ်လို့ သိရပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ ဩစတြေးလျတင်းနစ်ကစားသမား ဒိုမီနစ်သီယမ်ဟာ ဒဏ်ရာပြဿနာကြုံခဲ့ရတာကြောင့် ဇွန်လကတည်းက ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နယူးယောက်မြို့မှာ ကျင်းပမယ့် ၂၀၂၁ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကာ ဆုဖလားထပ်မံဆွတ်ခူးဖို့ မဖြစ်နိုင်တော့ဘူးလို့လည်း ဒိုမီနစ်သီယမ်က ပြောကြားခဲ့ပါတယ်။



အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဩဂုတ် ၃၀ ရက်မှာ စတင်ကျင်းပသွားဖို့ ရှိနေတာလည်း ဖြစ်ပါတယ်။ ၂၀၂၀ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တာဟာ ဒိုမီနစ်သီယမ်အတွက် ပထမဆုံး ဂရန်းဆလမ်းဆုဖလားရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဒိုမီနစ်သီယမ်ဟာ ၂၀၂၀ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာလည်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်း နိုင်ခဲ့ပေမယ့် ကမ္ဘာ့အဆင့်(၁)နေရာရှိဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

## စင်စင်နတီမာစတာတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတဲ့ အန်ဒီမာရေး

ဗြိတိန်နံပါတ်တစ်တင်းနစ်ကစားသမားဟောင်း အန်ဒီမာရေးဟာ ပိုလန်တင်းနစ်ကစားသမား ဟူဘက်ဟာကက်ဇ်ကို ရှုံးနိမ့်ခဲ့တာကြောင့် စင်စင်နတီမာစတာတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်တို့မှာ ကျင်းပခဲ့တဲ့ စင်စင်နတီမာစတာတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံနှစ်ကြိမ်အထိ ဖြစ်ထားတဲ့ ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား အန်ဒီမာရေးဟာ ဟူဘက်ဟာကက်ဇ်ကို တစ်ပွဲမှ အနိုင်ရရှိခဲ့ခြင်းမရှိဘဲ ဟူဘက်ဟာကက်ဇ်က အန်ဒီမာရေးကို ၇-၆(၇-၄)၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။


အန်ဒီမာရေးဟာ ဂရန်းဆလမ်းချန်ပီယံဆုဖလားကို သုံးကြိမ်အထိ ချန်ပီယံဖြစ်ထားပြီး ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် တိုကျိုအိုလံပစ်အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီးနောက် စင်စင်နတီမာစတာတင်းနစ်ပြိုင်ပွဲဟာ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ် ဟူဘက်ဟာကက်ဇ်ဟာ အန်ဒီမာရေးကို အနိုင်ရကာ စင်စင်နတီမာစတာတင်းနစ်ပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ၁၆ ဦးအဆင့်မှာ စပိန်တင်းနစ်ကစားသမား ပါဘလိုကာရန်နိုဘူစတာနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။




ငွေကြယ် - ရေးသားသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟေရိဝဏဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း







## “ဘဝနတ်နန်း စံမြန်းတော်မူသွားပါကြောင်း အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ မဟာဗောဓိလမ်း၊ မဟာဓမ္မိကာရုံ-ပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း) ဦးစီးပဓာနနာယက-ဓမ္မာနုဓမ္မ-မဟာဒွါရနိကာယ-ပန္နရသမ-ဂဏာဓိပတိ-မဟာနာယက-သာသနာပိုင်၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံသြဝါဒါစရိယ၊ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အစိုးရသာသနဓဇ ဓမ္မာစရိယ+ဒီဃနိကာယပါဠိပါရဂူ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့(ဟောင်း)၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့(ဟောင်း)၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ(၁)ဟောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ(ရန်ကုန်+မန္တလေး) အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ (ဟောင်း)။

မဟာထေရ်မြတ်ကြီး ဘဒ္ဒန္တဂုဏောသန သိက္ခာတော်(၇၃)ဝါ၊ သက်တော် (၉၂)နှစ်သည် (၁၃၇၄-ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) ၁၉-၈-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၃:၅၃ နာရီတွင် ဘဝနတ်နန်းစံမြန်းသွားပါသဖြင့် ယင်းနေ့ (၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) ၁၉-၈-၂၀၁၂ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကိုဗစ်(၁၉)စည်းမျဉ်းစည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ပြုလုပ်ပြီးစီးပါကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြား အသိပေးအပ်ပါသည်။

(ကျိုက်ပိ) တပည့်များအကျိုးဆောင်အဖွဲ့

---

**ဒေါ်ခင်ညွန့်(ဝါးခယ်မ)**
**ဌာနခွဲစာရေးကြီး(ငြိမ်း)**
**ဗဟိုကြေးနန်းရုံး**
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ ပြည်သာယာအိမ်ရာ၊ တိုက်အမှတ်(၂/၁၁)နေ [ဦးသန်းလွင်(ဒု/ညွှန်မှူး-ငြိမ်း၊ ကျောက်မျက်]၏ချစ်လှစွာသောဇနီး၊ ဒေါ်သက်မာလွင်-ဦးကျော်ဆွေ၊ ဦးကျော်ကိုကိုလွင်-ဒေါ်အေးသူဇာသိန်း(Perth,WA)၊ ဒေါ်ဆွေမာလွင်-ဦးလင်းဇော်နိုင် (1st E,FG)၊ ဒေါ်ဝင်းမာလွင်-ဦးမျိုးမြတ်မော် (Perth, WA)၊ ကိုအောင်ကိုကိုလွင်၊ ဒေါ်ဖြူဖြူသန်း-ဦးဇော်မြတ်ထွန်း၊ ကိုချမ်းငြိမ်း(လပြည့်ဝန်း ရတနာဆိုင်)၊ ဒေါ်မေမြတ်နိုးခင်-ဦးအေးမင်းမောင်(Florida, USA)တို့၏ ချစ်လှစွာသောအဘွား၊ Thaddeus P.Watson(ခ)မောင်သိဒ္ဓိမင်းလွင်၊ မောင်သန့်လင်းထက်၊ မဟေသာပန်းအိမ်၊ မမြပိုးဟေသာ၊ Natalie Myat Maw(ခ)မထူးဝင့်ထည်လွင်၊ Charlotte Lwin Maw၊ မောင်ဝေယံထွန်း၊ Thane P. Pleasants(ခ)မောင်ကိုကိုသိန်းတို့၏ ဘွားဘွားကြီးသည် ၁၄-၈-၂၀၁၂ရက် ညနေ ၃:၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူ မြေး၊ မြစ်များ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၂၄/ဘီ)၊ ကမ္ဘာ့အေးဘုရားလမ်း၊ ကုက္ကိုင်းနေ ဒေါ်မြင့်မြင့်ဇင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝေဇင်ကျော်၊ ကိုအောင်ဇင်ကျော်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ထွန်းအောင်သည် ၁၈-၈-၂၀၁၂(ဗုဒ္ဓဟူးနေ့) ည ၈:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သမီး ဒေါက်တာအိကေခိုင်

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အေးအေးသင်း**
**အသက်(၅၆)နှစ်**

(ဦးမောင်အုံး-ဒေါ်စန်းနွဲ့)-ဒေါ်လွယ်ကြည်တို့၏သမီး၊ မဖူးပွင့်နေခြည်၏မိခင် ဒေါ်အေးအေးသင်း (မြန်မာ့သစ်လုပ်ငန်း)သည် ၂၄-၇-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးလှစိုး-ဒေါ်မြင့်ဝင်းမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်(ငြိမ်း)**
**ကြည်း/၁၀၅၆၆ OTS(32)**
**မြောင်းမြ/ဟင်္သာတခရိုင် ဥက္ကဋ္ဌ(ငြိမ်း)**
**အသက်(၈၀)**

၁၇-၈-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

OTS(32)မှ သူငယ်ချင်းများနှင့် မိသားစုများ

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးတင်ထွန်းအောင်**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၂၄/ဘီ)၊ ကမ္ဘာ့အေးဘုရားလမ်း၊ ကုက္ကိုင်းနေ ဒေါ်မြင့်မြင့်ဇင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဝေဇင်ကျော်၊ ကိုအောင်ဇင်ကျော်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ (ဦးအောင်သန်း)၊ (ဒေါ်ကြူကြူ)၊ ဦးမောင်မောင်လွင်-ဒေါ်အေးမူ၊ ဒေါ်ယုယုဇင်၊ ဒေါ်ကြူကြူဇင်၊ ဒေါ်ထွေးထွေးဇင်၊ ဦးမျိုးဇင်-ဒေါ်တူးတူး၊ ဒေါက်တာဝင်းဝင်းဇင်တို့၏ အစ်ကို/ညီ/မောင်၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၁၈-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့)ည ၈:၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါက်တာ ဏီဝင်းဇော်**
**ပါမောက္ခ(ဌာနမှူး)**
**စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရွာသစ်၊ အောင်ရတနာလမ်း၊ အမှတ်(၄/၁)နေ [ဦးခင်ဇော်(ကျန်းမာရေးမှူး-ငြိမ်း)]-ဒေါ်သန်းဝင်းတို့၏ ချစ်လှစွာသောသမီးကြီး၊ ဒေါ်ဖြူဝင်းဇော်၊ (ဦးကျော်သူ)-ဒေါ်အေးဝင်းဇော်၊ ဦးသိန်းတိုးအောင်-ဒေါ်ညိုဝင်းဇော်၊ ဒေါ်ကြည်ဇင်ဝင်းဇော်၊ ဦးမျိုးမြင့်ထွန်း-ဒေါ်စန္ဒီဝင်းဇော်တို့၏ ချစ်လှစွာသောအစ်မကြီး၊ မောင်ထူးဝေယံ၊ မောင်ရဲသီဟသူ၊ မောင်စွမ်းလင်းထက်၊ မောင်သော်ဇင်ဘုန်းတို့၏အဒေါ် ဒေါက်တာဏီဝင်းဇော်သည် ၁၅-၈-၂၀၁၂ (တနင်္ဂနွေနေ့) ည ၁၀:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၆-၈-၂၀၁၂ ရက် နံနက် ၁၀ နာရီတွင် ထောက်ကြန့်၊ မြို့ရှောင်လမ်းသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၂ (စနေနေ့) နံနက် ၅:၃၀ နာရီတွင် အောင်ရတနာလမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ စေတီ၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ၊ ဆေးရုံ ဒါယကာကြီး**
**ကြောင်ပန်းဝိပဿနာ သာဝက**
**ဦးလှသိန်း**
**မိုးကုတ်**
**ထွန်းနေအောင်အိမ်ဆောက်ပစ္စည်း**
**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်း၊ ခြံအမှတ်(၁/၂)၊ နှင်းဆီလမ်းနေ (ဦးစံအောင်-ဒေါ်အုန်းစိန်)တို့၏ သား၊ (ဦးအုန်းမောင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်အေးလှမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမြတ်သူ၊ (ကိုနိုင်ဝင်းသိန်း)၊ မခင်မြတ်ကြူ၊ ကိုထွန်းနေအောင်-မမြတ်နေခြည်တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၄-၈-၂၀၁၂ (စနေနေ့) ညနေ ၅:၁၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးတင်ထွန်းအောင်**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ (ဦးစောဝင်း-ဒေါ်ခင်သန်းတီကို)တို့၏သား၊ (ဦးသောင်းဇင်-ဒေါ်အေးမြင့်)တို့၏သားသမက်၊ အမှတ်(၁၂၄/ဘီ)၊ ကမ္ဘာ့အေးဘုရားလမ်း၊ ကုက္ကိုင်း၊ ဗဟန်းနေ ဒေါ်မြင့်မြင့်ဇင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝေဇင်ကျော်၊ ကိုအောင်ဇင်ကျော်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ ဦးသန်းဌေးအောင်-ဒေါ်အေးအေးထွန်းတို့၏ အစ်ကိုကြီးသည် ၁၈-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ည ၈:၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်သိဂီဟန်(ပြည်မြို့)

### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ ဒေါ်သိဂီဟန် အသက်(၆၇)နှစ်သည် ၁၅-၈-၂၀၂၂ ရက် ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးကျော်ဆန်း-ဒေါ်ကြည်ကြည်ဝင်း မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးမြိုင်

**ဒု-လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊**
**မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ မြမန္တလာလမ်း၊ အမှတ်(၈၁၅)နေ (ဦးအေးကျော်-ဒေါ်ရွှေကြည်)တို့၏သား၊ (ဦးချက်ကြီး-ဒေါ်အုန်းတင်)တို့၏ သားသမက်၊ ဒေါ်သန်းမြ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်ဇော်-ဒေါ်စုမွန်အောင်၊ ဦးထွန်းလင်း-ဒေါ်ကေစီ၊ ဦးကျော်လင်း၊ ဦးကျော်ကျော်ဦး-ဒေါ်ကေသီထွေး၊ ဦးနိုင်ထူး-ဒေါ်ညိုညိုတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၆-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၄၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းမြင့်

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ အရှေ့တိုင်းပညာဌာန၊**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**ပါမောက္ခ(အဘိဓမ္မာတက္ကသိုလ် UA)**

### အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်းအောက်လမ်း၊ အမှတ်(၁၇)နေ (ဦးမှုန်-ဒေါ်ညီမကြီး)တို့၏သမီးကြီး၊ [ဦးစိန်ငွေး (သုတေသနမှူး-ငြိမ်း၊ CRO၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)]၏ ဇနီး၊ ဦးစောထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဌာန)-ဒေါက်တာမြစန္ဒီ (ပါမောက္ခ၊ သန်လျင်နည်းပညာတက္ကသိုလ်)၊ ဒေါ်မြသန္တာ(Mya Thandar Aung Fashion)၊ ဦးဇော်ဝင်းထွန်း-ဒေါက်တာမြဇာလီ(ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးနေမျိုးဦး-ဒေါ်မြဥမ္မာ(CB Bank)၊ ဦးဝဏ္ဏ (Sunscreen Myanmar Co. Ltd)၊ ဒေါ်အေးကေခိုင်(System Analyst)၊ ဦးလွှမ်းမိုး-ဒေါ်စုမေခိုင် (Sunscreen Myanmar Co.,Ltd)တို့၏ ချစ်လှစွာသောမိခင်၊ မြတ်ရတနာပိုင်(TTC)၊ မင်းရဲထက်ပိုင်တို့၏ အဘွားသည် ၁၈-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၉-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးဇော်မင်း

**B.Com(AA)R.L(ဇော်မင်းဂစ်တာဥယျာဉ်)**
**မန်နေဂျာ(စာရင်း)(ငြိမ်း)**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

### အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ [ဦးအောင်ညွန့် (အရာရှိ၊ အကောက်ခွန်)-ဒေါ်မြသွင်]တို့၏ သား၊ [ဗိုလ်မှူးမျိုးမြင့် (ညွှန်မှူး-ငြိမ်း၊ ရုပ်ရှင်)-ဒေါ်သန်းသန်းမြင့်တို့၏ သားသမက်၊ အမှတ်(၈၂၆/၄-ဘီ)၊ သမာဓိ(၅)လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်လင်းလင်းမြင့်(PPD-ငြိမ်း)၏ ခင်ပွန်း၊ [ဦးခင်မောင်ရင်(ညွှန်မှူး- ငြိမ်း၊ က.ည.န)]-ဒေါ်သန်းသန်းအေး၊ (ဦးဇော်ဝင်း-ဒေါ်လှလှအေး)တို့၏ အစ်ကိုကြီး၊ [ဗိုလ်မှူးမျိုးမြင့်(လေ-ငြိမ်း)-ဒေါ်မာလာမြင့်]၊ ဦးမိုးမြင့်-ဒေါ်မို့မို့ဟန်တို့၏ မောင်/အစ်ကို၊ ကပ္ပတိန်အောင်ဇော်-ဒေါ်အေးအေးနိုင်၊ ဦးမြတ်ဇော်-ဒေါ်သင်းသင်းဆန်း၊ ဦးနွဲ့မြင့်သိန်း-ဒေါ်စပယ် [MRTV-ငြိမ်း]၊ ဦးဘုန်းကြည်အောင်(ဒုညွှန်ချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး)-ဒေါ်မြစန်းရည်၊ ဦးမြတ်ထွန်းမျိုး-ဒေါ်အိချို၊ ဦးသောင်းထိုက်ဟန်တို့၏ ဘကြီး/ဦးလေးသည် ၁၇-၈-၂၀၂၂ ရက် ည ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထားထားဝင်း

**B.A(Eco)**
**အလုပ်ရုံခွဲမှူး(NEW BPI)၊ ဆေးပြားဌာန**

### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာဝင်း၊ တိုက်(၁)၊ အခန်း (၁၄)နေ (ဦးစိုးဝင်း)- ဒေါ်ရင်စိန်တို့၏ သမီး၊ (ဦးဝင်းမောင်သန်း)-ဒေါ်ခင်ချိုတို့၏ သမီးချွေးမ၊ ဦးသန့်ဇင်ဦး-ဒေါ်စုစုဝင်း(လ/ထ ဦးစီးမှူး၊ မြေတိုင်းဦးစီးဌာန)တို့၏ ညီမ၊ ဒေါ်လဲ့လဲ့ထွန်း(Assistant Manager EFI)၊ ဦးမျိုးမင်းနိုင်-ဒေါ်စိုးစိုးသွင်၊ ဦးထိုက်အောင်ကျော်(Assistant Manager STI Myanmar University)တို့၏ ချစ်လှစွာသောအစ်မ၊ မောင်သော်ဇင်ဦး (AYA BANK)၊ မောင်ဇင်မင်းအောင်၊ မောင်အေးချမ်းမောင်၊ မောင်ဇေလင်းမြတ်၊ မောင်မင်းဟိန်းခန့်၊ မခင်ခင်သွယ်တို့၏အဒေါ်၊ မသက်ထက်အောင်၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးဇော်မြတ်မင်း(M.T.M Co.,Ltd)၏ ချစ်လှစွာသောဇနီး ဒေါ်ထားထားဝင်းသည် ၂၀-၇-၂၀၂၂ (အင်္ဂါနေ့)တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ယနေ့ ၂၀-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သူအားရည်စူး၍ သံဃာတော်ရဟန်းအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးမြင့်ထွန်း

**သ/မဦးစီး(ငြိမ်း)**

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ မိုးသောက်ပန်းလမ်း၊ အမှတ်(၈၇/B-2)နေ ဒေါ်မြအေး(ခ) ဒေါ်အေးအေး၏ ခင်ပွန်း၊ ဦးခင်မောင်ဦး-ဒေါ်မူမူသက်၊ ဦးမောင်မောင်အောင်-ဒေါ်ခင်ပြုံးရီ၊ ဦးဟန်ထွန်းခိုင်-ဒေါ်အုံးအုံးခင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်သက်ထိုက်အောင် (ခေတ္တ-Korea)၊ မဖူးပွင့်ဖြိုး(ခေတ္တ-U.K)၊ မမိုးဆမ်းပန်းခိုင် (နောက်ဆုံးနှစ်အပိုင်း-ခ၊ ဆေး-၂)တို့၏အဘိုး ဦးမျိုးမြင့်ထွန်းသည် ၁-၈-၂၀၂၂ ရက် ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်း

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇၇)၊ ရွှေပြည်အေးလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်လှယဉ်နု၊ ဒေါ်လှနုဝါ၊ ဦးလှမျိုး၊ ဦးလှငြိမ်းချမ်း၊ ဦးလှသော်တာတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်ခင်သန်းသည် ၁၈-၈-၂၀၂၂ ရက် နံနက် ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်သန်းညွန့် (ဒေါ်ညွန့်ညွန့်) ပျဉ်းမနား

### အသက် (၇၈)နှစ်

အမရပူရမြို့နေ (ဦးဘကောင်း-ဒေါ်ညွန့်ညွန့်)တို့၏ သမီးချွေးမ၊ ပျဉ်းမနားမြို့နေ (ဦးပေါ်လာ-ဒေါ်ပု)တို့၏သမီး၊ ရန်ကုန်မြို့နေ Dr. ဦးစောလွင် (Radiologist)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်မင်းအေး-ဒေါ်တင်ထားလွင်၊ ဒေါ်မဉ္ဇူစောလွင်၊ ဦးအောင်ကျော်မိုး-ဒေါ်ရွှေရည်ဝင်း၊ ဦးဝေဖြိုးမောင်-ဒေါ်ယဉ်ယဉ်သိန်းတို့၏ မွေးသမိခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၉-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၆:၁၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁:၃၀နာရီတွင် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းစိန်

**(စာရင်းစစ်ချုပ်ရုံး-ငြိမ်း)**

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မာန်ပြေ (၂၂)လမ်းအရှေ့၊ အမှတ်(၃၂)နေ (ဦးထင်-ဒေါ်အေး)တို့၏သား၊ မုံရွာမြို့၊ မြဝတီရပ်ကွက်နေ (ဦးစိန်ရုံ-ဒေါ်အေးသိန်း)တို့၏ သားသမက်၊ (ဒေါ်ခင်ဝင်းဆွေ)၏ ခင်ပွန်း၊ ဦးမြထွန်း(နိုင်ငံခြားရေး-ငြိမ်း)-ဒေါ်သန်းနွဲ့၊ (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန-ငြိမ်း)တို့၏မောင်၊ (ဦးဝင်းသိန်း)-ဒေါ်ခင်မာဆွေတို့၏ အစ်ကို၊ ဦးဇေခိုင်မင်း-ဒေါ်သိဂီဝင်း၊ ဦးဘုန်းမြတ်ဇော်-ဒေါ်မြကေခိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၅-၈-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သက်သက်ဝင်း(ခ)ဘိုမ

**အလယ်တန်းပြ(ငြိမ်း)**
**အ.ထ.က (၄) ပုဇွန်တောင်**

### အသက် (၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးခင်တိတ်-ဒေါ်တင်ကြည်)တို့၏ သမီး၊ ဦးအောင်ဝင်း-ဒေါ်ခင်ငြိမ်း၊ (ဦးဉာဏ်ဝင်း)-ဒေါ်လှလှဝင်း၊ ဦးတင်ဝင်း-ဒေါ်တင်တင်ဝင်းတို့၏ ညီမ၊ ဒေါက်တာသန်းဝင်း-ဒေါ်ဝင်းဝင်းတို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ အမှတ် (၉)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမောင်မောင်ခ(ခ) ဦးပီတာ၏ ချစ်လှစွာသောဇနီး၊ မောင်သက်ထွဋ်ခ (အထက-၅၊ ဗိုလ်တထောင်)၏ မိခင် ဒေါ်သက်သက်ဝင်း(ခ)ဘိုမသည် ၁၅-၈-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ငွေးငွေးကြည်

### အသက် (၆၅)နှစ်

သရက်မြို့၊ လမ်းမတော်လမ်း၊ ရွှေဘုံသာရပ်ကွက်နေ [ဦးစန်းမောင် (ကျန်းမာရေးမှူး)-ဒေါ်ခင်လှ]တို့၏ ဒုတိယသမီး၊ ဦးသန်းငွေ(ဦးစီးအရာရှိ-ငြိမ်း၊ ဆောက်လုပ်ရေးအဖွဲ့-၂)၏ဇနီး၊ မအိလဲ့ဖြူ (Group HR, Yoma Group)၏ ချစ်လှစွာသောမိခင် ဒေါ်ငွေးငွေးကြည် (စာရင်းကိုင်-၃-ငြိမ်း၊ ဆောက်လုပ်ရေးအထူးအဖွဲ့-၂)သည် ၁၈-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွေးဟန်

**အတွင်းရေးမှူး(၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(ယခင်)**

### အသက် (၉၄)နှစ်

(ဦးဖိုးဟန်-ဒေါ်လေးမေ)တို့၏သား (ဦးဘမွန်း-ဒေါ်မေပု)တို့၏ သားသမက်၊ (ဒေါ်ယဉ်ယဉ်မွန်း)၏ ခင်ပွန်း၊ (ဒေါက်တာရွှေတင်-ဒေါက်တာတင်တင်မွန်း)၊ (ဦးမောင်မောင်မွန်း-ဒေါ်စန်းလှိုင်)၊ ဦးတင်လတ်-(ဒေါ်ဝင်းဝင်းမွန်း)တို့၏ ညီ/အစ်ကို၊ ဒေါက်တာဉာဏ်ကျော်တင်၊ (ဒေါက်တာမူယာတင်)၊ ဒေါက်တာသူဇာမေတင်၊ ဒေါက်တာနန္ဒာမွန်း၊ ဦးဇေယျာမွန်း၊ ဒေါ်သီတာမွန်း၊ ဒေါ်နီလာမွန်း၊ ဒေါ်သန္တာမွန်း၊ ဦးကျော်စွာလတ်၊ ဦးဗညားလတ်၊ ဒေါ်သဇ္ဇာလတ်၊ ဒေါ်မွန်းစေတနာလတ်တို့၏ ဦးလေး/ဘကြီးသည် ၁၇-၈-၂၀၂၂ ရက် တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တူ/တူမများ**

---

## ဦးထွေးဟန်

**ဗိုလ်မှူး(ငြိမ်း) လေ-၁၁၄၅**
**အတွင်းရေးမှူး(ငြိမ်း)**

### အသက်(၉၄)နှစ်

(ဦးဖိုးဟန်-ဒေါ်လေးမေ)တို့၏ သားအငယ်ဆုံး၊ (ဦးဘမွန်း-ဒေါ်မေပု)တို့၏ သားသမက်၊ (ဒေါ်ယဉ်ယဉ်မွန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးလင်းဟန်-ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ယဉ်မိုးဟန်၊ ဦးဝဏ္ဏဟန်-ဒေါ်သက်ထွေးဟန်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်သန့်လင်းဟန်၊ မောင်ကျော်သက်ဟန်၊ မောင်ရဲလင်းဟန်၊ မနှင်းရဝေဟန်တို့၏ အဘိုး ဦးထွေးဟန်သည် ၁၇-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော် ကျေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -**

- ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသော နိမ့်သောနေရာများတွင်သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့်စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကြေးမုံ ယနေ့ ဖတ်စရာ

**ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ဒစ်ဂျစ်တယ်ငွေပေးချေစနစ် စတင်တည်ထောင်**

စာမျက်နှာ » ၁၂

**မြိုင်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ အမျိုးသားနှစ်ဦးက အရပ်သားပြည်သူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၇၀၀ လုယက်ယူဆောင်**

စာမျက်နှာ » ၁၄

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား နှောင့်ယှက်တိုက်ခိုက်နေကြသော အကြမ်းဖက်သမားများဖမ်းဆီးရမိရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးပါရန် မိဘပြည်သူများသို့ တိုက်တွန်းနှိုးဆော်ချက်**

စာမျက်နှာ » ၁၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာလဲနတ်တောင်ရေလှောင်တမံမှ မိုးသီးနှံစိုက်ဧက ၃၂၀၀ ကျော်အတွက် စိုက်ပျိုးရေပေးဝေသွားမည်

မန္တလေး ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင်ရေလှောင်တမံမှ တောင်သူများအတွက် စိုက်ပျိုးရေပြည့်ဝစွာပေးဝေပြီး စိုက်ပျိုးနိုင်ရန် မိုးသီးနှံစိုက်ဧက ၃၂၀၀ ကျော်အတွက် ယခုလတတိယပတ်မှစ၍ စိုက်ပျိုးရေများပေးဝေသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောကြားသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖



# AFF Futsal Cup ပြိုင်ပွဲ အသင်းခြောက်သင်းဖြင့် ကျင်းပရန်လျာထား

ရန်ကုန် ဩဂုတ် ၁၉

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာလတွင်ကျင်းပမည့် AFF Futsal Cup ပြိုင်ပွဲကို အသင်းပေါင်းခြောက်သင်းဖြင့် ကျင်းပရန် လျာထားကြောင်း သိရသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြိုင်ပွဲရပ်နားထားရသည့် တစ်နှစ်ခွဲကျော် ကာလအတွင်း ပထမဆုံးပြိုင်ပွဲအဖြစ် ဖူဆယ်ကလပ်ပြိုင်ပွဲအား ပြန်လည်ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

**ကျင်းပသွားမည်**

AFF Futsal Cup ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ နာခွန်ရတ်ချာစီမာမြို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အရှေ့တောင်အာရှဒေသတွင်းမှ ကလပ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်သည်။ လက်ရှိတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားကလပ်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားပြီး မြန်မာကလပ်အသင်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် မသေချာသေးကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပိတ်ရက်မရှိတင်သွင်းခွင့်ပြုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံး အောက်ဆီဂျင်စက် ၇၃၉ ခု၊ Test Kit ၆၇၆၀ နှင့် ဆိပ်ကမ်းများမှ အောက်ဆီဂျင်(အိုးခွံ) ၈၆၄၀၊ Oxygen Plant တစ်ခု အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၃၈ တန်၊ အောက်ဆီဂျင်(အရည်) အိုးဖြင့် ၁၀ တန်၊ အောက်ဆီဂျင်အိုး(အခွံ) ၈၆၄၀၊ **စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❒**



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းလာသည့်ယာဉ်များကို တွေ့ရစဉ်။